# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# နေပြည်တော်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံး (၁/၁၉၆၀) အား
လေ့လာတင်ပြခြင်းစာတမ်း

လေ့လာတင်ပြသူ -

ဦးမျိုးမြင့်

လက်ထောက်ညွှန်ကြားရေးမှူး

တရားစီရင်ရေးဌာနခွဲ

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်

# မာတိကာ

စာမျက်နှာ

**နိဒါန်း** ၂

၁။ တရုတ်-မြန်မာနယ်နိမိတ်ပြဿနာနှင့်စပ်လျဉ်းသည့် သဘောတူစာချုပ်ဖြစ် ၂

ပေါ်လာပုံ ၃

၂။ လွှဲအပ်မှုအကြောင်းအရာအကျဉ်းချုပ် ၁၈

၃။ လွှဲအပ်လွှာအပေါ် ဆောင်ရွက်ပုံအဆင့်ဆင့် ၁၉

၄။ တရားလွှတ်တော်ချုပ်က လွှဲအပ်မှုပါ ပြဿနာနှစ်ရပ်ကို သုံးသပ်ခြင်း ၂၁

၅။ ဆုံးဖြတ်ချက် ၂၅

၆။ လေ့လာတွေ့ရှိချက်များ ၂၆

**နိဂုံး** ၂၉

**ရည်ညွှန်းကိုးကားချက်များ** ၃၂

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံး (၁/၁၉၆၀) အား လေ့လာတင်ပြခြင်းစာတမ်း

### နိဒါန်း

ယခုသုတေသနစာတမ်းသည် ၁၉၆၀ ပြည့်နှစ် လွှဲအပ်မှုအမှတ် (၁) တရုပ်-မြန်မာ နယ်နိမိတ်သတ်မှတ်ရေးစာချုပ်နှင့်ပတ်သက်သောလွှဲအပ်မှု[1]ကို လေ့လာတင်ပြသည့် သုတေသနစာတမ်းငယ် (Research Article) ဖြစ်ပါသည်။ ယခု သုတေသနစာတမ်းကိုပြုစုရာတွင် Research Methodology ၌ အမျိုးအစား ၃ မျိုး ရှိရာ၊ ၎င်းတို့အနက် Mixed-Method Research ကို အသုံးပြု၍ ရေးသားတင်ပြသည့် Research Article ဖြစ်ပါသည်။

အိမ်စောင့်အစိုးရလက်ထက် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာအပေါ် သဘောတူညီချက်စာချုပ်ကို ထိုစဉ်က ပြည်ထောင်စုမြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်တို့ ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါသဘောတူညီချက်မှသည် သမိုင်းဝင် တရုတ်-မြန်မာနယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty) ကို ဆက်လက်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ရာ ထိုကာလ၌ ဗိုလ်ချုပ်ကြီးနေဝင်းအနေဖြင့် ကမကထပြုပြီး တရုတ်-မြန်မာနယ်နိမိတ်ပြဿနာကို ဖြေရှင်းဆောင်ရွက်ခြင်းမပြုခဲ့ပါက ယနေ့ မျက်မှောက်ကာလတွင် ဖြေရှင်းရန်မလွယ်ကူသော ပြဿနာတစ်ရပ်ဖြစ်နေမည်မှာ အမှန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လက်ရှိအချိန်ထိ တရုတ်နှင့်အိန္ဒိယတို့အကြား နယ်နိမိတ်စာချုပ် တိတိကျကျမချုပ်ဆိုနိုင်သဖြင့် နယ်နိမိတ်အငြင်းပွားမှုပြဿနာ ရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရသည်ဖြစ်ပါသည်။

ယခုသုတေသနစာတမ်းသည် ၁၉၆၀ ပြည့်နှစ် Burmese-Chinese Boundary Treaty ကို အောင်မြင်စွာချုပ်ဆိုနိုင်စေရန် ပင်မအရင်းခံသဘောတူညီချက် ဖြစ်ခဲ့သော တရုတ်ပြည်နှင့် မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့လဲလှယ်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုကြသည့်ကိစ္စနှင့်ပတ်သက်၍ ပါလီမန်တွင်အငြင်းပွားရာမှ ပေါ်ပေါက်လာသောပြဿနာကို ဆုံးဖြတ်ချက်ရယူရန် နိုင်ငံတော်သမ္မတက တရားလွှတ်တော်ချုပ်ထံ

[1] 1960, B.L.R. (S.C), p. 113

လွှဲအပ်မှုတင်သွင်းခဲ့သည့်အပေါ် လေ့လာတင်ပြခြင်းဖြစ်ပါသဖြင့် ယခုစာတမ်းတွင် ဥပဒေကြောင်းခြင်းရာဗဟုသုတများအပြင် ခေတ်အဆက်ဆက် တရုတ်-မြန်မာချစ်ကြည်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်သမိုင်း အောင်မြင်မှုမှတ်တိုင်၏ တစ်စိတ်တစ်ပိုင်းကိုလည်း လေ့လာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ထို့အပြင် တရုတ်ပြည်နှင့် မြန်မာပြည်နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့လဲလှယ်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုကြသည့်ကိစ္စကို ထိုစဉ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားလွှတ်တော်ချုပ်က မည်သို့ ဆုံးဖြတ်ပေးခဲ့သည်ကိုလည်း ယခုစာတမ်းတွင် အသေးစိတ် လေ့လာတင်ပြထားပါသည်။

## တရုတ်–မြန်မာနယ်နိမိတ်ပြဿနာနှင့်စပ်လျဉ်းသည့်သဘောတူစာချုပ်[2] ဖြစ်ပေါ်လာပုံ

တရုတ်-မြန်မာနယ်နိမိတ်စာချုပ်ချုပ်ဆိုနိုင်ရန် ပထမဆုံးအကြိမ် စတင်ကြိုးပမ်းခဲ့သည်မှာ ၁၈၈၆ ခုနှစ် ကတည်းက ဖြစ်ပါသည်။ အဆိုပါ ၁၈၈၆ ခုနှစ်ကာလ၌ မြန်မာနိုင်ငံသည် ကိုလိုနီအဖြစ် ဗြိတိသျှတို့က အုပ်ချုပ်နေသည့်ကာလဖြစ်ပြီး၊ တရုတ်နိုင်ငံသည် ချင်းမင်းဆက် (Qing Dynasty (AD 1644-1912)) အုပ်ချုပ်နေသည့်ကာလဖြစ်ပါသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှအစိုးရက ကြေညာချက်တစ်စောင် ထုတ်ပြန်ပြီးလျှင် ယခင်က သီပေါဘုရင် စိုးမိုးအုပ်ချုပ်သောနယ်မြေများကို ဗြိတိသျှအစိုးရပိုင်နယ်ပယ်၏ တစ်စိတ်တစ်ဒေသအဖြစ် သွတ်သွင်းလိုက်သဖြင့် ဗြိတိသျှအချုပ်အခြာအာဏာပျံ့နှံ့ရာနယ်ပယ်သည် တရုတ်နိုင်ငံနှင့် ဆက်စပ်သွားခဲ့ပါသည်။ ထို့ကြောင့် ဗြိတိသျှအစိုးရက မြန်မာတို့၏ ဩဇာအာဏာပျံ့နှံ့ရာနယ်ပယ်သည် မည်ရွေ့မည်မျှကျယ်ဝန်းသည် သို့မဟုတ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် မည်သို့သောနယ်နိမိတ်ဖြင့် ပိုင်းခြားတည်ရှိသည်ဟူသော အချက်ကို စူးစမ်းရှာဖွေရန် လိုအင်ဆန္ဒ ရှိခဲ့ပါသည်။[3] မြန်မာဘုရင်သီပေါမင်း ပါတော်မူပြီးနောက် ဗြိတိသျှအစိုးရနှင့်တရုတ်အစိုးရတို့ ဦးစွာချုပ်ဆိုသည့် နယ်ခြားဆိုင်ရာစာချုပ်မှာ ၁၈၈၆ ခုနှစ် ဇူလိုင် ၂၄ ရက် တွင် ချုပ်ဆိုသော ၁၈၈၆ ခုနှစ် မြန်မာနိုင်ငံနှင့် တိဗက်ဒေသဆိုင်ရာစာချုပ် ဖြစ်ပါသည်။[4]

ထိုစာချုပ်၏ အပိုဒ် ၃ တွင် မြန်မာ-တရုတ် နယ်နိမိတ်ကို နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်အဖွဲ့တစ်ဖွဲ့ကသတ်မှတ်ပေးရန် ဗြိတိသျှအစိုးရနှင့်တရုတ်အစိုးရတို့ သဘောတူညီ

[2] "Agreement between the Government of the Union of Burma and the Government of the People's Republic of China on the Question of the Boundary between the two Countries"

[3] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၄

[4] https://myawady.net.mm/node/9350

ခဲ့ကြပါသည်။ ဗြိတိသျှအစိုးရလက်ထက်တွင် မြန်မာ-တရုတ် နယ်နိမိတ် သတ်မှတ်ရေး ကိစ္စကို စတင်၍ နိဒါန်းပျိုးခဲ့ခြင်းဖြစ်ပါသည်။[5]

ထိုစဉ်က ဗြိတိသျှအစိုးရတို့ သိမ်းပိုက်ဆက်ခံသော မြန်မာဘုရင်ပိုင်နယ်ပယ်သည် မည်သည့်နေရာဒေသအထိရောက်ရှိသည်ဟူသောအချက်မှာ အတိအကျ သတ်မှတ် ပြဋ္ဌာန်းရန် ခက်ခဲသောကိစ္စတစ်ရပ် ဖြစ်ခဲ့ပါသည်။ ထို့အပြင် နှစ်နိုင်ငံနယ်စပ်အကြားရှိ မြေပြင်အနေအထားကို တိုင်းထွာမှတ်သားခြင်းမပြုရသေးသဖြင့် နှစ်နိုင်ငံနယ်နိမိတ်ကို သိပ္ပံနည်းကျ ပိုင်းခြားမှတ်သားဖော်ပြနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ၁၈၈၇ ခုနှစ်မှ ၁၈၉၃ ခုနှစ်အတွင်း ဗြိတိသျှအစိုးရတို့က မြန်မာဘုရင်နှင့် တရုတ်ဘုရင်တို့၏ ဩဇာအာဏာ အကျယ်ပြန့်ဆုံးရောက်ရှိရာနေရာများကို သိရှိနိုင်ရန်အတွက်လည်းကောင်း၊ ထိုနေရာဒေသတို့နှင့် စပ်လျဉ်းသောအချက်အလက်များစုဆောင်းရရှိရန်အတွက်လည်းကောင်း သုတေသနပြုခြင်း၊ လေ့လာခြင်း၊ နယ်မြေထောက်လှမ်းခြင်း၊ စုံစမ်းရေးအဖွဲ့များစေလွှတ်ခြင်း အစရှိသော လုပ်ငန်းကိစ္စများကို အဆက်မပြတ် ဆောင်ရွက်ခဲ့ကြပါသည်။[6]

ဤသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာ-တရုတ် နယ်နိမိတ်အပိုင်းအခြားတို့ တည်ရှိနေပုံကို အတော်အတန် တိတိကျကျသိရှိလာကြပြီးသည့်နောက်၊ ၁၈၈၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင်ချုပ်ဆိုခဲ့သည့် စာချုပ်၏ အပိုဒ် ၃ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ပေးသော စာချုပ်တစ်ရပ်ကို ၁၈၉၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့ ချုပ်ဆိုခဲ့ကြပါသည်။ ထိုစာချုပ်၌ မြန်မာ-တရုတ် နယ်နိမိတ်ကို မြောက်လတ္တီတွဒ် ၂၅° ၃၅′ မနန်းဘုံ (သို့မဟုတ်) တောင်ထိပ်ချွန်းမှ နမ့်လမြစ်နှင့် မဲခေါင်မြစ်တို့ဆုံရာ နေရာအထိ သတ်မှတ် ဖော်ပြခဲ့ပါသည်။ တောင်ထိပ်ချွန်းမှ မြောက်ဘက်သို့ သွယ်တန်းနေသော မြန်မာ-တရုတ် နယ်နိမိတ်အစိတ်အပိုင်းနှင့်စပ်လျဉ်း၍မူ ထိုအရပ်ဒေသ၏ မြေပြင်အနေအထားနှင့် အခြေအနေများကို ပိုမိုတိကျစွာသိရှိရသည့်အခါတွင်မှသာ သတ်မှတ်ကြရန် ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့ နှစ်ဦးနှစ်ဘက် သဘောတူခဲ့ပါသည်။[7]

၁၈၉၄ ခုနှစ် စာချုပ်တွင် သတ်မှတ်ဖော်ပြသော မြန်မာ-တရုတ် နယ်နိမိတ်ကြောင်းကို ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့၏ ကိုယ်စားလှယ်များ ပါဝင်သော ပူးတွဲကော်မရှင်အဖွဲ့တစ်ဖွဲ့က သုံးနှစ်အတွင်း မြေပြင်တွင် တိုင်းထွာသတ်မှတ်ရန် သဘောတူခဲ့ကြသော်လည်း၊ အဆိုပါ ၁၈၉၄ ခုနှစ် စာချုပ်ပါ အပိုဒ်တစ်ပိုဒ်နှင့် စပ်လျဉ်း၍ နှစ်ဘက်အငြင်းပွားလာသဖြင့် ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့ ပြန်လည်၍ ဆွေးနွေးညှိနှိုင်းခဲ့ရပြီး၊ ၁၈၉၇ ခုနှစ် ဖေဖော်ဝါ

---

[5] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၄

[6] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၄

[7] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၄

ရီလ ၄ ရက်နေ့တွင် ၁၈၉၄ ခုနှစ် စာချုပ်ကို ပြင်ဆင်သော သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြပါသည်။[8]

ဤစာချုပ်အရ အင်္ဂလိပ်တို့က ဆမားနယ်၊ ကိုးကန့်နယ်တို့ကို ရရှိလိုက်သည့်အပြင် နမ္မဝမ်နယ်မြေကိုလည်း အငှားသဘောဖြင့် ရယူလိုက်သဖြင့် ၁၈၉၄ ခုနှစ် စာချုပ်တွင် မြောက်လတ္တီတွဒ် ၂၅° ၃၅′ မှ မဲခေါင်မြစ်အထိ နယ်နိမိတ်ကြောင်း သတ်မှတ်ဖော်ပြထားချက်ကို ပြင်ဆင်ရေးသားခဲ့ရပါသည်။ ၁၈၉၇ ခုနှစ် စာချုပ်၌ သတ်မှတ်ဖော်ပြသော နယ်နိမိတ်ကြောင်းကို သုံးနှစ်အတွင်း အကောင်အထည်ဖော်တိုင်းတာနိုင်ရန် တရုတ်-ဗြိတိသျှ ပူးတွဲကော်မရှင် အဖွဲ့တစ်ဖွဲ့က လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ပူးတွဲကော်မရှင်အဖွဲ့သည် ၁၈၉၇ ခုနှစ်မှ ၁၈၉၈ ခုနှစ်အကြားကာလအတွင်း မြောက်ဘက်လတ္တီတွဒ် ၂၅° ၃၅′ ရှိ တောင်ထိပ်ချွန်းမှ တောင်ဘက်သို့ တာပိန်မြစ်အထိနယ်နိမိတ်အစိတ်အပိုင်းကို နယ်နိမိတ်ကျောက်ပုံပေါင်း ၃၉ ပုံ တည်ထား၍ သတ်မှတ်နိုင်ခဲ့ပြီး၊ ၁၈၉၈ ခုနှစ်မှ -၁၈၉၉ အကြား ကာလများတွင် တာပိန်မြစ်မှ တောင်ဘက်သို့ နမ့်တင်မြစ်အထိ အစိတ်အပိုင်းကို နယ်နိမိတ် ကျောက်ပုံပေါင်း ၉၇ ပုံ တည်ထား၍ နယ်နိမိတ်သတ်မှတ်ခဲ့သည့်အပြင် နမ့်ခမြစ်မှ မဲခေါင်မြစ်အထိ ကျိုင်းတုံနယ်နှင့်ဆိုင်သော နယ်နိမိတ်အစိတ်အပိုင်းကို ကျောက်ပုံပေါင်း ၆၂ ပုံ တည်ထား၍ နယ်နိမိတ်သတ်မှတ်ခဲ့ကြပါသည်။

၁၈၉၄ ခုနှစ်စာချုပ်တွင် မိုင်းမောတြိဂံဒေသခေါ် နမ္မဝမ်ဒေသကို တရုတ်ပိုင်အဖြစ် ဗြိတိသျှတို့က အသိအမှတ်ပြုသော်လည်း၊ ၁၈၉၇ ခုနှစ် စာချုပ်တွင်မူ နမ္မဝမ်ဒေသသည် တစ်နှစ်လျှင် ရူပီးငွေ တစ်ထောင်ဖြင့် တရုတ်က ဗြိတိသျှတို့ထံ ရာသက်ပန် အငှားချထားသည့် နယ်မြေ ဖြစ်လာခဲ့ခြင်း ဖြစ်ပါသည်။ နမ္မဝမ်ဒေသသည် နမ္မဝမ်မြစ်နှင့် ရွှေလီမြစ်ဆုံရာ အရပ်တွင် တည်ရှိပါသည်။ အဆိုပါဒေသကို မိုင်းမောတြိဂံဒေသဟူ၍လည်း ခေါ်ပါသည်။

နမ့်တင်မြစ်မှ နမ့်ခမြစ်အထိ အစိတ်အပိုင်းမှာမူ ဝနယ်နှင့်သက်ဆိုင်သော နယ်နိမိတ်ဖြစ်ပါသည်။ ဤအစိတ်အပိုင်းကို ပူးတွဲကော်မရှင်အဖွဲ့က ၁၈၉၉ ခုနှစ်မှ ၁၉၀၀ပြည့်နှစ်အကြားကာလများတွင် တိုင်းထွာသတ်မှတ်ရန် ကြိုးစားခဲ့သော်လည်း ပြီးပြတ်အောင်မြင်ခြင်း မရှိခဲ့ပါ။[9] "ဝ" နယ်မြေ၏ နယ်နိမိတ်သတ်မှတ်ရေးသည် ထိုသို့ လုံးဝအဆင်မပြေခဲ့ရခြင်းမှာ "ဝ"နယ်သည် မြန်မာဘုရင်ကို သစ္စာခံသော်လည်း၊ တရုတ်နှင့် ဗြိတိသျှ နှစ်ဖက်လုံး၏ အုပ်ချုပ်ရေးအာဏာကိုမူ လုံးဝလက်သင့်မခံဘဲ ထကြွဆန့်ကျင်နေသောဒေသဖြစ်သောကြောင့် ဖြစ်ပါသည်။[10]

---

[8] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၅

[9] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၅

[10] https://myawady.net.mm/node/9350

၁၈၉၇ ခုနှစ် သဘောတူစာချုပ်တွင် သတ်မှတ်ဖော်ပြသော နယ်နိမိတ်အစိတ် အပိုင်းကို အထက်ပါအတိုင်း မြေပြင်တွင် သတ်မှတ်ပြီးစီးသောအခါ မြောက်လတ္တီတွဒ် ၂၅° ၃၅'(တောင်ထိပ်ချွန်း)မှ မြောက်ဘက်ရှိ နယ်နိမိတ်ကြောင်းကို သတ်မှတ်ရန်ကိစ္စကို ဗြိတိသျှ တို့က ဆက်လက်လုပ်ဆောင်ရန်ကြိုးပမ်းခဲ့ပါသည်။ ဤဒေသအတွင်းရှိ သံလွင်မြစ်နှင့် မေခ မြစ်များစပ်ကြားရှိ ရေဝေတောင်တန်းကို မြန်မာ-တရုတ်တို့၏ သဘာဝနယ်နိမိတ်ဟူ၍ ဗြိတိ သျှတို့က ယူဆခဲ့ကြသော်လည်း ထိုအယူအဆကို တရုတ်အစိုးရက လက်ခံခြင်းမပြုပေ။[11]

ဗြိတိသျှတို့၏ မေခ-သံလွင် ရေဝေတောင်တန်းကို နယ်နိမိတ်အဖြစ် ယူဆသော အယူ အဆမှာ ပိုမို၍ ပြင်းထန်လာခဲ့သော်လည်း၊ တရုတ်အစိုးရကမူ ဖီမော်၊ ဂေါ်လန်နှင့် ကန်ဖန် အပါအဝင် ရေဝေတောင်တန်း၏ အနောက်ဘက်ရှိဒေသများကို တရုတ်တို့ကသာပိုင်ကြောင်း ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ၁၉၀၅ ခုနှစ်တွင် ထိုဒေသသို့ စုံစမ်းရန် တရုတ်-ဗြိတိသျှ ပူးတွဲ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြပါသည်။ ဗြိတိသျှနှင့်တရုတ်ကိုယ်စားလှယ်များသည် တရုတ်အစိုးရ၏ ပြောဆိုချက် မှန် မမှန် သိရှိနိုင်ရန် ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ရွာများ၏ ရွာသူ ကြီးများနှင့် ရွာအကြီးအကဲများထံမှ သက်သေထွက်ချက်များ သွားရောက် ရယူခဲ့ကြပါသည်။ ထို့နောက် ရရှိခဲ့သောသက်သေထွက်ချက်များအရ ပီကင်းမြို့ရှိ ဗြိတိသျှသံအမတ်က ဗြိတိသျှ အစိုးရ၏ညွှန်ကြားချက်အတိုင်း တရုတ်အစိုးရ၏တောင်းဆိုချက်ကို တစ်လုံးတစ်ဝတည်း ဖြေရှင်းသည့်အနေနှင့် ဗြိတိသျှအစိုးရက တရုတ်အစိုးရသို့ ဤဒေသအတွက် တစ်နှစ်လျှင် ကျပ်ငွေတစ်ထောင့်ငါးရာထက်မများပေးရန် အဆိုပြုခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် မေခ-သံလွင် ရေဝေတောင်တန်းကို နယ်နိမိတ်အဖြစ် တရုတ်အစိုးရက သဘောတူ အသိအမှတ် ပြုပေးရန် ဗြိတိသျှအစိုးရက တောင်းဆိုခဲ့ပါသည်။ တရုတ်အစိုးရက အဆိုပါတောင်းဆိုချက်ကို ငြင်းပယ်ခဲ့ပါသည်။ ထိုအခါ ဗြိတိသျှအစိုးရက ဤကိစ္စနှင့်စပ်လျဉ်း၍ နောက်ထပ်ဆွေးနွေး ခြင်း မပြုတော့ဘဲ ဖော်ပြပါရေဝေတောင်တန်းအထိ နယ်မြေများကို သိမ်းပိုက်အုပ်ချုပ်ရန် မြန်မာပြည်ရှိ ဗြိတိသျှအစိုးရထံသို့ ညွှန်ကြားချက်ပို့မည်ဖြစ်ကြောင်းကို ၁၉၀၆ ခုနှစ်တွင် ဗြိတိသျှသံအမတ်က တရုတ်အစိုးရထံသို့ အတိအလင်း ကြေညာချက်ပေးခဲ့ပါသည်။[12]

၁၉၁၀ ပြည့်နှစ် တွင် တရုတ်နိုင်ငံမှ တင်ကင်နယ်၏ အကြီးအကဲဖြစ်သူက ဖီမော်ရွာကို ဝင်ရောက်၍ တိုက်ခိုက်ခဲ့ပါသည်။ ထိုအပြုအမူကို ဗြိတိသျှအစိုးရက ကန့်ကွက်ခဲ့ရာ တရုတ် အာဏာပိုင်များက တိုက်ခိုက်ခံရသောဒေသသည် ဗြိတိသျှတို့ပိုင်သောဒေသမဟုတ်ကြောင်း

[11] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၅

[12] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၅

ငြင်းဆိုခဲ့ပါသည်။ ဤတွင် ဗြိတိသျှတို့က နယ်ခြားစစ်တပ်တစ်တပ်ကို စေလွှတ်ပြီးလျှင် ၁၉၁၁ ခုနှစ် ဇန်နဝါရီလတွင် ဖီမော်ကို ပြန်လည်သိမ်းပိုက်ခဲ့ပါသည်။[13]

၁၉၁၁ ခုနှစ်အတွင်း ဒေါက်တာဆွန်ယက်ဆင်ဦးဆောင်သော ၁၉၁၁ ခုနှစ် Xinhai တော်လှန်ရေးသည် တရုတ်ပြည်၌ ချင်းမင်းဆက်၏အုပ်ချုပ်မှုကို အဆုံးသတ်စေခဲ့ပါသည်။ ၁၉၁၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏အမည်ကို တရုတ်သမ္မတနိုင်ငံ (Republic of China) အဖြစ် ကြေညာခဲ့ပါသည်။[14]

ထို့နောက် ဗြိတိသျှအစိုးရနှင့် တရုတ်သမ္မတနိုင်ငံအစိုးရတို့သည် ထိုဒေသနှင့် စပ်လျဉ်း၍ ထပ်မံ၍ ဆွေးစပ်ဆွေးနွေးကြပါသည်။ မေခ-သံလွင် ရေဝေတောင်တန်း၏ အနောက်ဘက်တွင် တရုတ်အစိုးရက ပိုင်ဆိုင်ကြောင်း တောင်းဆိုသော ဒေသအားလုံး အတွက် ငွေလျော်ကြေးပေးရန် ဗြိတိသျှအစိုးရက အဆိုပြုသော်လည်း တရုတ်သမ္မတနိုင်ငံ အစိုးရက အလျှော့မပေးဘဲ ငြင်းဆန်နေသဖြင့်၊ ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့တွင် ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ရွာများကို ဗြိတိသျှအစိုးရက သိမ်းယူ၍ မြန်မာနိုင်ငံလွတ်လပ်ရေးရ သည့်အချိန်အထိ အဆိုပါရွာများကို စီမံအုပ်ချုပ်ခဲ့ပါသည်။[15]

မေခ-သံလွင် ရေဝေတောင်တန်း နယ်နိမိတ်ကြောင်းနှင့် စပ်လျဉ်း၍ ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပဋိပက္ခများ ဖြစ်ခဲ့ကြပြီးနောက် ၁၉၁၄ ခုနှစ်တွင် မြန်မာပြည်မြောက်ဘက်ဖျား နယ်နိမိတ်ကြောင်းကို သတ်မှတ်နိုင်ရန် ၁၉၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဗြိတိသျှ၊ တရုတ်နှင့် တိဗက်အစိုးရတို့သည် စာချုပ်တစ်ခုကို ချုပ်ဆိုခဲ့ကြပါသည်။ သုံးနိုင်ငံစာချုပ်ဟု ဆိုသော်လည်း ထိုစာချုပ်ကို တရုတ်အစိုးရက လက်မှတ်ရေးထိုးခြင်းမပြုဘဲ၊ ဗြိတိသျှအစိုးရနှင့် တိဗက်ဒေသ၏အစိုးရတို့ကသာ လက်မှတ် ရေးထိုးခဲ့ကြပါသည်။ ဗြိတိသျှအစိုးရ၏ကိုယ်စား လက်မှတ်ရေးထိုးသူမှာ အိန္ဒိယအစိုးရ၏ အတွင်းဝန် ဆာအာသာဟင်နရီမက်မဟွန်းဖြစ်၍ သူ၏အမည်ကိုအစွဲပြုပြီးလျှင် ယင်း စာချုပ်နှင့် ပူးတွဲသောမြေပုံတွင် သတ်မှတ်ဖော်ပြသော မြန်မာပြည်မြောက်ဘက်စွန်း နယ်နိ မိတ်ကိုလည်း မက်မဟွန်းမျဉ်းကြောင်းဟု ခေါ်စမှတ်ပြုခဲ့ပါသည်။[16]

---

[13] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၅

[14] တရုတ်ပြည်သူ့သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တရားစီရင်ရေးစနစ်၊ ထုတ်ဝေသူ - ဖွဲ့စည်းပုံ/ခုံရုံး၊ နေပြည်တော်၊ ၂၀၂၃၊ စာ-၁၂

[15] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၆

[16] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၆




McMahon Line

၁၈၉၇ ခုနှစ် စာချုပ်အရ တောင်ထိပ်ချွန်းမှ မဲခေါင်မြစ်အထိ သွယ်တန်းသော မြန်မာ-တရုတ်နယ်နိမိတ်ကြောင်းကို မြေပြင်တွင်သတ်မှတ်ရန် တာဝန်ပေးခြင်းခံရသော တရုတ်-ဗြိတိသျှပူးတွဲကော်မရှင်သည် တိုင်းထွာရန်မပြီးပြတ်ဘဲ ခြွင်းချန်၍ထားခဲ့ရသော ဝနယ် နယ်နိမိတ်ကြောင်းအတွက် ဆက်လက်ဖြေရှင်းသတ်မှတ်ရန်ကိစ္စကို ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့သည် ၁၉၃၄ ခုနှစ်တွင် ပြန်လည်ဆောင်ရွက်ခဲ့ကြပါသည်။ ထိုနှစ်တွင် နှစ်နိုင်ငံအစိုးရများအချင်းချင်း ဆွေးနွေးညှိနှိုင်းကြပြီးနောက်၊ ၁၉၃၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် သဘောတူညီချက်စာများကို လဲလှယ်ကြပြီးလျှင် ဝနယ် နယ်နိမိတ်စုံစမ်းရေးအတွက် တရုတ်-ဗြိတိသျှ ပူးတွဲကော်မရှင်အဖွဲ့တစ်ဖွဲ့ကို ခန့်အပ်ခဲ့ကြပါသည်။ ထိုကော်မရှင်အဖွဲ့၏ ဥက္ကဋ္ဌမှာ ဆွစ်ဇာလန်နိုင်ငံ၏တပ်မတော်မှ အရာရှိတစ်ဦးဖြစ်သူ ကာနယ် အက်ဖအိုက်စလင် ဖြစ်၍ ၎င်းအားအစွဲပြုကာ ကော်မရှင်အဖွဲ့ကို **"အိုက်စလင်ကော်မရှင်"** ဟုလည်း ခေါ်တွင်ပါသည်။ အဆိုပါကော်မရှင်အဖွဲ့သည် ဝနယ်၏နယ်နိမိတ်ကြောင်းကို ၁၉၃၅ခုနှစ်မှ ၁၉၃၇ခုနှစ်အကြား ကာလများတွင် စုံစမ်းစစ်ဆေးပြီးလျှင် ထိုအဖွဲ့၏တွေ့ရှိချက်နှင့် ထောက်ခံချက်များ ဖော်ပြပါရှိသော အစီရင်ခံစာတစ်စောင်ကို သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရများထံ တင်ပြခဲ့ကြရာ ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့က ၁၉၄၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အပြန်အလှန် လဲလှယ်ကြသော သဘောတူညီချက်စာများဖြင့် ဝနယ်၏နယ်နိမိတ်ကြောင်းကို ဖော်ပြသတ်မှတ်ခဲ့ကြပါသည်။ ဤသဘောတူညီချက်စာများကို ၁၉၄၁ ခုနှစ် စာချုပ်ဟုလည်းကောင်း၊ အဆိုပါစာချုပ်ကသတ်မှတ်ဖော်ပြသော ဝနယ်ဆိုင်ရာ မြန်မာ-တရုတ်နယ်နိမိတ်ကိုလည်း **၁၉၄၁ ခုနှစ် နယ်နိမိတ်ကြောင်း**ဟုလည်းကောင်း ခေါ်ဝေါ် ခဲ့ကြပါသည်။[17]

ဗြိတိသျှတို့ထံ ရာသက်ပန်အငှားချထားရသည့် နယ်မြေငှားရမ်းခငွေကို ၁၉၄၅ ခုနှစ်တွင် မပေးနိုင်တော့ရာမှ နယ်နိမိတ်ပြဿနာတင်းမာမှု ထပ်မံပေါ်ပေါက် လာခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း၌ ဗြိတိသျှတို့က ငှားရမ်းခငွေကို ပေးချေခြင်း မပြုခဲ့သောကြောင့် စာချုပ်သည် အလိုအလျောက်ပျက်ပြယ်သွားပြီဖြစ်ကြောင်း တရုတ်ဘက် က ဗြိတိသျှ

[17] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၆

တို့ကို အကြောင်းပြချက်ပေးခဲ့ပါသည်။[18] ၁၉၄၁ ခုနှစ် နယ်ခြားမျဉ်းကို စစ်ကာလ အတွင်း အကျပ်ကိုင်ရေးဆွဲထားသည့် နယ်ခြားမျဉ်းဖြစ်သည်ဟု တရုတ်ဘက်ကဆိုပြီး၊ အဆိုပါ နယ်ခြားမျဉ်းကို လက်ခံရန် ငြင်းပယ်ခဲ့ပါသည်။[19]


၁၉၄၇ ခုနှစ်ရောက်သောအခါ တရုတ်ကူမင်တန်အစိုးရသည် မြန်မာနိုင်ငံ၏ မြစ်ကြီး နားမြို့မှ မြောက်ဘက်အပိုင်းကို တရုတ်ပိုင်သော နယ်မြေများအဖြစ် တောင်းဆိုခဲ့ပါသည်။ အထက်ပါပြဿနာများမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်အထိ ပြေလည်သွားခြင်းမရှိ သေးပါ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ် အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ရောက်ရှိ၍၊ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ၏ အပိုဒ် ၂ အရ ဆက်ခံရရှိသည့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသည် အထက်တွင် ရှင်းလင်းဖော်ပြခဲ့သော ဗြိတိသျှတို့၏လက်ဝယ်ရှိထားသည့် ပုံစံအတိုင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အချို့သောနယ်မြေအစိတ်အပိုင်းများမှာ တရုတ်နိုင်ငံနှင့် စာအား ဖြင့်သော်လည်းကောင်း၊ မြေပြင်ပေါ်တွင်လည်းကောင်း တိုင်းထွာသတ်မှတ်ပြီးဖြစ်သော်လည်း အချို့မှာ စာအားဖြင့်သတ်မှတ်ပြီးဖြစ်သော်လည်း မြေပေါ်တွင်တိုင်းထွာသတ်မှတ်ခြင်း မပြုရ သေးပါ။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် ဗြိတိသျှအစိုးရလက်ထက်က မပြီးမပြတ် ဖြစ်ခဲ့သော မြန်မာ-တရုတ် နယ်နိမိတ်ပြဿနာကို လွတ်လပ်ရေးရသည့်အချိန်ကစ၍ပင် သတိပြုမိခဲ့ပါသည်။[20]

၁၉၄၈ ခုနှစ်တွင် မြန်မာအစိုးရက တရုတ်အမျိုးသားအစိုးရအား နမ္မဝမ်အငှားချ နယ်မြေအတွက် နှစ်စဉ် မြေငှားခ နှစ်စဉ်ကြေး ငွေတစ်ထောင်ကို ပေးရာတွင် လက်မခံဘဲ ငြင်းပယ်လိုက်လေသည်။ ဤသို့ငြင်းဆိုလိုက်ခြင်းသည် နမ္မဝမ်နယ်မြေ အမြဲတမ်းအငှား ချထားရေး သဘောတူညီချက်ကို ပယ်ဖျက်လိုကြောင်း အကြောင်းကြားစာပေးပို့သည့် သဘောသို့ သက်ရောက်ခဲ့လေသည်။[21]

မြန်မာနိုင်ငံလွတ်လပ်ရေးရသောအချိန်၌ တရုတ်နိုင်ငံ၏အစိုးရမှာ ချန်ကေရှိတ် ခေါင်း ဆောင်သော တရုတ်အမျိုးသားအစိုးရဖြစ်ပါသည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံ၌ ချန်ကေရှိတ်၏ ကူမင်တန်တပ်များ စစ်ရှုံးပြီး၊ မော်စီတုန်း၏ ကွန်မြူနစ်အစိုးရ အာဏာရခဲ့ပါသည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလတွင် အာဏာရလာသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရက မြန်မာ-တရုတ်နယ်နိမိတ်ပြဿနာ တည်ရှိနေခြင်းကို သတိပြုမိသော် လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေဖြင့် တရုတ်ပြည်တွင်းတွင် အရေးတကြီး

[18] https://ispmyanmarchinadesk.com/histories/boundary-issue-end/
[19] https://ispmyanmarchinadesk.com/histories/boundary-issue-end/
[20] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၇
[21] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၇

ဖြေရှင်းရန် ပြည်တွင်းပြဿနာအမြောက်အမြားနှင့် ရင်ဆိုင်နေရချိန်ဖြစ်၍ တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာကို အာရုံမပြုနိုင်ဘဲ ချန်ကေရှိတ်ခေတ်တရုတ်မြေပုံများ၌ မြန်မာပိုင် ကချင်ပြည်နယ်မြောက်ပိုင်းကို တရုတ်ပိုင်နက်ဟုဆိုပြီး အရောင်ခြယ်ခဲ့သည့်အတိုင်း ဆက်လက်၍ကျင့်သုံးနေခဲ့သဖြင့် တရုတ်-မြန်မာနယ်နိမိတ်ပြဿနာသည် ဆက်လက်ကျန်ရှိနေခဲ့ပါသည်။[22]



**တရုတ်က ၎င်းပိုင်သည်ဟု မျဉ်းခြယ်ပြခဲ့သော နယ်မြေများ**

**( တရုတ်မြေပုံများတွင် တစ်ဖက်သတ်ဖော်ပြခဲ့ )**

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် စတင်ခဲ့ပါသည်။[23]

---

[22] https://ispmyanmarchinadesk.com/histories/boundary-issue-end/

[23] https://mifer.gov.mm/mm/bilateral/details/myanmar-china-bilateral-cooperation

၁၉၅၄ ခုနှစ် ဇွန်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ ဝန်ကြီးချုပ် ချူအင်လိုင်သည် မြန်မာနိုင်ငံသို့အလည်အပတ်ရောက်ရှိလာပြီးလျှင် မြန်မာနိုင်ငံအစိုးရ ဝန်ကြီးချုပ် ဦးနုနှင့်အတူ မြန်မာ-တရုတ်နှစ်နိုင်ငံတို့၏ အနာဂတ်ဆက်သွယ်ရေးကို ထိန်းသိမ်းပေးရန် အလို့ငှာ **ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်**ကို ပူးတွဲထုတ်ပြန် ကြေညာခဲ့ပါသည်။ ထိုမူကြီးငါးချက်သည် မြန်မာ-တရုတ်နယ်နိမိတ်ပြဿနာ ဖြေရှင်းရေးတွင် အဓိက အခြေခံ ဖြစ်လာခဲ့ပါသည်။

မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ပြီးလျှင် တရုတ်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်နှင့်အတူ ပူးတွဲကြေညာချက်တစ်စောင်ကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်တွင် " တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နယ်နိမိတ်သတ်မှတ်ရေးသည် မပြီးမပြတ်ဖြစ်နေသဖြင့် နှစ်ပြည့်တစ်ပြည် ဆွေးနွေးပြောဆိုရိုးထုံးစံနှင့်အညီ မိတ်ဆွေရင်းခြာပမာ သင့်တင့်လျောက်ပတ်သောကာလ၌ ဖြေရှင်းရန်လိုအပ်သည်ဟု ယူဆကြပါကြောင်း"ဟုဖော်ပြချက်ပါဝင်ပါသည်။[24]

၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဦးနုသည် ကချင်ပြည်နယ်ဝန်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်နှင့်အတူ နယ်နိမိတ်ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ သို့သော် အခြေအနေမှာ ပြေလည်ခြင်းမရှိခဲ့ပါ။[25]

၁၉၅၈ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရ တက်လာခဲ့ပြီးနောက်၊ ဗိုလ်ချုပ်ကြီးနေဝင်းသည် တရုတ်နှင့်မြန်မာတို့အကြား မကျေမလည်ဖြစ်နေသော နယ်နိမိတ်ပြဿနာကိုဖြေရှင်းရန်အတွက် အဆိုပြုချက်တစ်ရပ်ကို ၁၉၅၉ ခုနှစ် ဇွန် ၄ ရက်တွင် တရုတ်အစိုးရထံသို့ ပေးပို့ခဲ့ပါသည်။[26]

သို့သော် တရုတ်အစိုးရထံမှ တိကျသော အဖြေကို ပြန်မရခဲ့ပါချေ။ ထို့ကြောင့် ၁၉၅၉ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ဝန်ကြီးချုပ်ချူအင်လိုင်းထံ ထပ်မံ၍ စာပေးပို့ရာတွင် မိမိတို့ အဆိုပြုချက်များသည် နှစ်နိုင်ငံချစ်ကြည်ရေးကို အရင်းခံပြီး မြန်မာနိုင်ငံတော်အစိုးရ၏ အစွမ်းကုန် လိုက်လျောထားချက်များဖြစ်သည့်အပြင် မိမိအနေဖြင့်လည်း အလွန်ညီညွတ် မျှတသည်ဟု ယူဆကြောင်း၊ နယ်စပ်ကိစ္စကို နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့များဖြင့် အပြန်အလှန်ညှိနှိုင်း ဆွေးနွေးပါက မလိုလားအပ်ဘဲ အချိန်များ နှောင့်နှေးကြန့်ကြာနေ

[24] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၇

[25] https://myawady.net.mm/node/9350

[26] https://myawady.net.mm/node/9350

မည်ဖြစ်ရာ၊ မိမိကိုယ်တိုင် ပီကင်းမြို့သို့ လာရောက်ဆွေးနွေးလိုကြောင်း ရေးသားပေးပို့ ခဲ့ပါသည်။[27]

ဗိုလ်ချုပ်ကြီးနေဝင်းသည် အိမ်စောင့်အစိုးရတာဝန်ကိုသာ ရယူထားသော်လည်း ပြသနာ၏ အတိမ်အနက်ကို မှန်ကန်စွာသုံးသပ်သိမြင်သည့်အားလျော်စွာ အမြန်ဆုံးဖြေရှင်းရေးကို မြန်မြန်ထက်ထက် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဒုတိယအကြိမ်ပေးစာကြောင့် တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းသည် ဗိုလ်ချုပ်ကြီးနေဝင်းအား ပီကင်းမြို့သို့ ဖိတ်ကြားခဲ့ပါသည်။[28]

တရုတ်အစိုးရထံ နယ်ခြားပြသနာနှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးနေဝင်းမှ အဆိုပြုခဲ့သော အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အီဇူရာဇီတောင်ကြားမှ အိန္ဒိယနယ်စပ်အထိဖြစ်သော တရုတ်–မြန်မာနယ်စပ်ကို တရုံမြစ်ဝှမ်းမှအပ ရေဝေကြောတစ်လျှောက် သတ်မှတ်ရေးမူကို ခြွင်းချက်မရှိ လက်ခံရေး၊**

**(ခ) ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ဒေသကို တရုတ်တို့အား ပေးရန်နှင့် ထိုဒေသအစား ပြန်လည်ရရှိမည့်ဒေသကိုထည့်သွင်းပြီး နယ်နိမိတ်ပိုင်းခြားသည်မှတစ်ပါး အီဇူရာဇီမှ တောင်ထိပ်ချွန်းအထိမျဉ်းကို သံလွင်နှင့် အင်မိုင်ခ ရေဝေကြော တစ်လျှောက် ရေးဆွဲရေး၊**

**(ဂ) ၁၉၄၁ ခုနှစ် နယ်နိမိတ်မျဉ်း၏ အနောက်ဘက်ရှိ ပန်ဟုန်နှင့် ပန်လောင်မျိုးနွယ်စုများနေထိုင်ရာဒေသကို မိုင်းမောတြိဂံဒေသနှင့် လဲလှယ်ရေးအတွက် မူအားဖြင့် သဘောတူရန်နှင့် ပန်ဟုန်–ပန်လောင်ဒေသများကို တရုတ်တို့အား လွှဲအပ်ပေးခြင်းကြောင့် ပြုပြင်ရေးဆွဲရမည့် နယ်နိမိတ်များမှတစ်ပါး နှစ်ဖက်လုံးမှ ၁၉၄၁ ခုနှစ် မျဉ်းကိုလက်ခံရေး၊**

**(ဃ) ၁၉၄၁ ခုနှစ် စာချွန်တော်လဲလှယ်ခဲ့ရာ၌ သဘောတူညီခဲ့သည့် လုဖန်ဒေသ သတ္တုတွင်းတူးဖော်ခွင့်ကို တရုတ်တို့မှ စွန့်လွှတ်ရေး။[29]**

၁၉၆၀ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပီကင်းမြို့သို့သွားရောက်၍ နယ်နိမိတ်ကိစ္စများကို ဆွေးနွေးခဲ့သည်။ ထို့နောက် တရုတ်-မြန်မာ နယ်နိမိတ်ပြသနာနှင့် စပ်လျဉ်းသည့် သဘောတူစာချုပ်

---

[27] https://myawady.net.mm/node/9350
[28] https://myawady.net.mm/node/9350
[29] https://myawady.net.mm/node/9350

("Agreement between the Government of the Union of Burma and the Government of the People's Republic of China on the Question of the Boundary between the two Countries") ကို ၁၉၆၀ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက်တွင် ချုပ်ဆိုနိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် မကျူး ကျော်ရေးသဘောတူစာချုပ်ကိုပါ အဆိုပါနေ့ရက်တွင် ချုပ်ဆိုနိုင်ခဲ့ပါသည်။[30]




ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံ နယ်နိမိတ် ပြဿနာဖြေရှင်းကြသောအခါ **နိုင်ငံတစ်ခု၏နယ်မြေကို အခြားနိုင်ငံတစ်ခုအား အမြဲတမ်း အငှားချထားသောသဘောသည် အမြီးအမောက်မတည့်ဘဲ မှားယွင်းနေသည့်အပြင် အချုပ်အခြာအာဏာပိုင် အဆင့်အတန်းတူညီကြသော နိုင်ငံနှစ်နိုင်ငံအတွက်လည်း လျော်ကန်သင့်မြတ်ခြင်းမရှိသောကြောင့် ယင်းသို့အငှားချထားခြင်းကို ပယ်ဖျက်သင့်သည်**ဟု နှစ်နိုင်ငံလုံးက သဘောတူယူဆခဲ့ကြပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့်) အမျိုးသားနေ့အခမ်း

[30] https://myawady.net.mm/node/9350

အနားသို့ တက်ရောက်ရန်နှင့် တရုတ်-မြန်မာ နယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty) ကို လက်မှတ်ရေးထိုးရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပီကင်းမြို့သို့ အလည်အပတ် ဖိ ရက်ကြာခရီးစဉ် စတင်ခဲ့ရာ ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပီကင်းမြို့(Peking)သို့ ရောက်ရှိခဲ့ကြပါသည်။[31]

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့တွင် -

- နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊
- ကချင်ပြည်နယ်ဝန်ကြီး ဆမား ဒူဝါ ဆင်ဝါးနောင်၊
- ပညာရေးနှင့်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များဆိုင်ရာနိုင်ငံတော်ဝန်ကြီး ဒေါက်တာ အေးမောင်၊
- နိုင်ငံတော်ရှေ့နေချုပ်ဦးရန်အောင်၊
- ရှမ်းပြည်နယ်အစိုးရ၏ ပညာရေးနှင့်ကျန်းမာရေးဝန်ကြီး စဝ်ထွန်းအေး၊
- ကချင်ပြည်နယ်အစိုးရ၏ ပြည်သူ့လုပ်ငန်းနှင့် ပညာရေးဝန်ကြီး ဒူဝါ ဇော်ရစ်နှင့်
- နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ အကြံပေးပုဂ္ဂိုလ် ဦးအုန်းတို့ ပါဝင်ကြပါသည်။[32]

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့ကြီးနှင့်အတူ အဖွဲ့ငယ်များဖြစ်ကြသော တပ်မတော်ကိုယ်စားလှယ်အဖွဲ့ (Military Delegation)၊ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ (Trade Delegation)၊ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ (Culture Delegation)၊ ၊ အားကစားကိုယ်စားလှယ်အဖွဲ့ (Sports Delegation)နှင့် မီဒီယာကိုယ်စားလှယ်အဖွဲ့(Press Delegation) တို့သည်လည်း ပီကင်းမြို့သို့ အတူလိုက်ပါခဲ့ကြပါသည်။[33]

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာအပေါ် သဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ကိုယ်စား ဝန်ကြီးချုပ်အဖြစ် လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်ဖြစ်သော မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း အထူးဧည့်သည်တော်အဖြစ် တရုတ်နိုင်ငံ ပီကင်းမြို့သို့ သီးခြားရောက်ရှိလာပါသည်။[34]

---

[31] Burma Weekly Bulletin, Vol IX, No.24, Rangoon, Burma, Thursday, October 13,1960, P-167
[32] Burma Weekly Bulletin, Vol IX, No.24, Rangoon, Burma, Thursday, October 13,1960, P-167
[33] Burma Weekly Bulletin, Vol IX, No.24, Rangoon, Burma, Thursday, October 13,1960, P-167
[34] Burma Weekly Bulletin, Vol IX, No.24, Rangoon, Burma, Thursday, October 13,1960, P-167

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့ရှိ တိန့်အန်မင်ရင်ပြင် (Tien An Men Square) ၌ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့စစ်ရေးပြအခမ်းအနား (The National Day Parade)သို့ တက်ရောက်ကြပြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ကို တရုတ်လူမျိုးများနှင့်အတူ ဂုဏ်ပြုခဲ့ကြပါသည်။ အဆိုပါ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ပင် ပီကင်းမြို့ရှိ “ The Great Hall of the People ” ၌ကျင်းပသည့် Impressive Ceremony သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝန်ကြီးချုပ်ဦးနု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရကိုယ်စား ဝန်ကြီးချုပ် ချူအင်လိုင် (Premier Chou En-lai) တို့ တက်ရောက်ခဲ့ကြပြီး မြန်မာ-တရုတ်နယ်နိမိတ်စာချုပ် (The Burmese-Chinese Boundary Treaty) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။[35]

မြန်မာ-တရုတ် နယ်နိမိတ်ပြဿနာ ဖြေရှင်းရေးအတွက် နှစ်နိုင်ငံအစိုးရတို့ ဆွေးနွေးစေ့စပ်ကြသည်မှာ ၁၉၅၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ငါးနှစ်ကျော် ခြောက်နှစ်ခန့် ကြာမြင့်ခဲ့ပြီး ထိုအတောအတွင်း၌ ပြည်ထောင်စုမြန်မာနိုင်ငံဘက်တွင် ဝန်ကြီးချုပ် သုံးဦး ပြောင်းလဲခဲ့ပါသည်။ နယ်နိမိတ်ပြဿနာဖြေရှင်းရေးကိစ္စသည် ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် အစပြုခဲ့၍ ဝန်ကြီးချုပ်ဦးဗဆွေက ဆက်လက်ဆောင်ရွက်ခဲ့ပြီးလျှင် နောက်ဆုံးတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်တွင်မှ အောင်မြင်ခဲ့ပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ တရုတ်ပြည်နှင့်မြန်မာပြည်အစိုးရတို့အကြား ချုပ်ဆိုနိုင်ခဲ့သည့် တရုတ်-မြန်မာ နယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty) သည် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ ရက်နေ့၌ ချုပ်ဆိုခဲ့သည့် တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာနှင့် စပ်လျဉ်းသည့် သဘောတူစာချုပ် (“Agreement between the Government of the Union of Burma and the Government of the People’s Republic of China on the Question of the Boundary between the two Countries”)တွင် ရေးသားဖော်ပြထားသော နယ်နိမိတ်ပြဿနာ အသီးသီးကို အလုံးစုံဖြေရှင်းပေးနိုင်ခဲ့သည့်အပြင်၊ **ယခင်ကမသတ်မှတ်နိုင်ခဲ့သော နယ်နိမိတ်အစိတ်အပိုင်းများကို တစ်ခုနှင့်တစ်ခု မည်သို့ချိတ်ဆက်သွယ်တန်းနေပုံကိုလည်း နှစ်နိုင်ငံသဘောတူညီထားသောမူများအတိုင်း အတိအကျ သဘောတူသတ်မှတ်ဖော်ပြ၍ စာချုပ်ချုပ်ဆိုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။** ထို့အပြင် ၁၉၆၀ ပြည့်နှစ် တရုတ်-မြန်မာနယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty)တွင် မြန်မာ-တရုတ် နယ်နိမိတ်မျဉ်းကြောင်းနှင့် စိုက်ထူသောမှတ်တိုင်များတည်ရာဌာနဖော်ပြသည့် အသေးစိတ်မြေပုံများ ပူးတွဲလျက် နယ်နိမိတ်

[35] Burma Weekly Bulletin, Vol IX, No.24, Rangoon, Burma, Thursday, October 13,1960, P-167


မျဉ်းကြောင်းတစ်လျှောက်လုံးနှင့် **နယ်နိမိတ်မှတ်တိုင်အားလုံး၏ တည်ရာဌာန အသေးစိတ် ဖော်ပြချက်ပါရှိသောစာချုပ်တစ်ခုကို ရေးဆွဲနိုင်ရန်**အတွက် သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရများ က **နယ်နိမိတ်စာချုပ်တွင် သဘောတူပြဋ္ဌာန်းချက်တစ်ရပ် ထည့်သွင်း၍ တာဝန်ပေးခဲ့ကြသည့် စာချုပ်ပါအချက်ကိုလည်း လေ့လာတွေ့ရှိရပါသည်။**

၁၉၆၁ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်း မြို့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရတို့ သည် တရုတ်-မြန်မာနယ်နိမိတ်အခြေပြစာချုပ်ကို ဆက်လက်ချုပ်ဆိုခဲ့ကြပါသည်။ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ချုပ်ဆိုသော နယ်နိမိတ်စာချုပ်ပါ ပြဋ္ဌာန်းချက်များ အရ ထိုနယ်နိမိတ်စာချုပ်၏ **တွဲဘက်စာချုပ်**ဖြစ်လာပါသည်။ နယ်နိမိတ်အခြေပြစာချုပ်နှင့် ပူးတွဲသော မြေပုံများမှာ တရုတ်-အင်္ဂလိပ် ဘာသာဖြင့် ရိုက်နှိပ်သော မြေပုံအပြည့် တစ်စုံတွင် မြေပုံပေါင်း ၁၀၄ ချပ် ပါဝင်၍ မြန်မာ-အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်သော မြေပုံအပြည့် တစ်စုံ တွင် မြေပုံပေါင်း ၈၇ ချပ် ပါဝင်ပါသည်။ ဤအခြေပြစာချုပ်နှင့် ပူးတွဲသော မြေပုံများ သည် လည်း နယ်နိမိတ်စာချုပ်နှင့်ပူးတွဲသော မြေပုံများကို အစားထိုးခဲ့ပါသည်။ **မြန်မာ–တရုတ် နယ်နိမိတ်အခြေပြစာချုပ်သည် ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် စတင်၍ အာဏာ တည်ခဲ့ပါသည်။**[36]

မြန်မာ-တရုတ် နယ်နိမိတ်သည် ကီလိုမီတာပေါင်း ၂၁၈၅.၇၄၅၇၅ (မိုင်ပေါင်း ၁၃၇၀ ခန့်) ရှည်လျားပြီး၊ ထိုနယ်နိမိတ်ကို မြောက်ပိုင်းနှင့် တောင်ပိုင်းဟူ၍ နှစ်ပိုင်းခွဲထားသည်။ တောင်ထိပ်ချွန်းကို ဗဟိုထား၍၊ မြန်မာ-တရုတ် နယ်နိမိတ် အနောက်ဘက်စွန်းအထိကို မြောက်ပိုင်းအဖြစ်သတ်မှတ်၍၊ မဲခေါင်မြစ်အထိအပိုင်းကို တောင်ပိုင်းအဖြစ် သတ်မှတ် ထား ပါသည်။ မြောက်ပိုင်းနှင့် တောင်ပိုင်းနှစ်ခုလုံးပေါင်း၍ တရုတ်-မြန်မာ နယ်နိမိတ်တစ် လျှောက် လုံးတွင် အကြီးစား၊ အလတ်စား၊ အငယ်စား နယ်နိမိတ်မှတ်တိုင်များ စုစုပေါင်း ၄၀၂ တိုင်ကို စိုက်ထူထားပါသည်။[37]

[36] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၁၆

[37] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၁၆





38

စာတမ်းနှင့်အမှတ်ထွင်းပြားများကပ်ထားသော နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း

[38] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆၊ စာ-၁၀၇

မြန်မာ-တရုပ် နယ်နိမိတ် သတ်မှတ်ရေး



**လွှဲအပ်မှုအကြောင်းအရာအကျဉ်းချုပ်**

၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်၊ ထိုစဉ်က မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုတ်ပြည်သူ ပြည်သူ့သမ္မတနိုင်ငံအစိုးရ ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်တို့သည် တရုတ်ပြည်နှင့်မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့လဲလှယ်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုကြပါသည်။ ထို့နောက် ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံတော်အစိုးရက ထိုသဘောတူစာချုပ် အတည်ပြုခြင်းကို သဘောတူညီချက်ပေးရန် ပါလီမန်သို့တင်ပြခဲ့ပါသည်။ ပြည်သူ့လွှတ်တော်အမတ် (မြန်အောင်အမတ်) ဦးထွန်းဝင်းက အဆိုပါကိစ္စကို ပါလီမန်တွင် ကန့်ကွက်ခဲ့ပါသည်။ ပါလီမန်က ထိုစာချုပ်အတည်ပြုခြင်းကို အဆိုပါ ၂၈-၄-၁၉၆၀ ရက်နေ့၌ပင် သဘောတူခဲ့ပါသည်။ ထို့နောက် ၁၉၆၀ ပြည့်နှစ်၊ မေလ ၁၄ ရက်နေ့တွင် တရုတ်ပြည်နှင့် မြန်မာပြည် ထိုသဘောတူစာချုပ်ကို အတည်ပြု၍၊ အတည်ပြုစာချွန်တော်များကို အပြန်အလှန်ကမ်းလှမ်းခဲ့ (Exchange of Instruments) ပါသည်။

ထိုအကြောင်းအရာများနှင့်စပ်လျဉ်း၍၊ တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ယူရလောက်အောင် ပြည်သူများအတွက် အရေးကြီးသည်ဟူသော ဥပဒေကြောင်းဆိုင်ရာ ပြဿနာနှစ်ရပ်ပေါ်ပေါက်လာသည်ဟု ထိုစဉ်က မြန်မာနိုင်ငံတော်သမ္မတက ထင်မြင်ယူဆခဲ့ပါသည်။

ပေါ်ပေါက်လာသော ဥပဒေကြောင်းဆိုင်ရာပြဿနာ (Question of Law) နှစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(၁) ပါလီမန်သည် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာချူအင်လိုင်တို့ ချုပ်ဆိုခဲ့သည့် တရုတ်ပြည်နှင့် မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့ လဲလှယ်ရေးအတွက်သဘောတူစာချုပ်အတည်ပြုရေးအတွက် ထိုစာချုပ်၏ အပိုဒ် ၂ (၂) နှင့် အပိုဒ် ၂ (၃) တို့၌ ပါဝင်သော အချက်အလက်တို့ကြောင့် သဘောတူညီချက် ပေးနိုင်ပါသလော”**

**(၂) ပါလီမန်က ထိုသို့သဘောတူညီချက်ပေးခဲ့ခြင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ပါက၊ ထိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ညီညွတ်အောင်မည်သို့ အရေးယူဆောင်ရွက်ရပါမည်နည်း။**

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၅၁ (၁) အရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီး နေဝင်းနှင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်တို့ တရုတ်ပြည်နှင့်မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့လဲလှယ်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုကြသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော ဥပဒေကြောင်းဆိုင်ရာ ပြဿနာနှစ်ရပ်ကို တရားလွှတ်တော်ချုပ်ထံမှ ဆုံးဖြတ်ချက် (Opinion of the Supreme Court) ရယူရန် ၁၉၆၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် လွှဲအပ်မှု တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

## လွှဲအပ်လွှာအပေါ် ဆောင်ရွက်ပုံအဆင့်ဆင့်

ထိုသို့ လွှဲအပ်မှု တင်သွင်းလာခြင်းကို အဆိုပါ ၁၉၆၀ ခုနှစ် မေလ ၃၀ ရက်နေ့တွင်ပင် တရားလွှတ်တော်ချုပ်၏ အတွင်းဝန် ဦးထွန်းတင်က နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်းထံ ဆက်လက်တင်ပြခဲ့ပါသည်။

ထိုနေ့တွင်ပင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်းက နိုင်ငံတော်သမ္မတ၏ အတွင်းဝန်ထံသို့ လွှဲအပ်မှုကို အရေးယူဆောင်ရွက်နေကြောင်း စာပြန်ရန် ညွှန်ကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတ၏ အဆိုပါ လွှဲအပ်မှုနှင့်ပတ်သက်၍ ၁၉၆၀ ပြည့်နှစ် ဇွန်လ ၁၃ ရက်နေ့တွင် ကြားနာမည်ဖြစ်ကြောင်းကို နိုင်ငံတော်ရှေ့နေချုပ်၊ ပြည်ထောင်စုအဖွဲ့၊ ဖ-ဆ-ပလအဖွဲ့၊ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့ကို အကြောင်းကြားရန်နှင့် ၁၉၆၀ ခုနှစ် ဇွန်လ ၆ ရက်နေ့မတိုင်မီ လိုက်ပါဆောင်ရွက်မည့် အကြောင်းပြန်ကြားစာကို ပေးပို့ပေးပါရန် **<u>"မေတ္တာရပ်ခံချက်ဖြင့်"</u>** နို့တစ်စာပေးပို့ရန် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်းက တရားလွှတ်တော်ချုပ်သို့ ညွှန်ကြားခဲ့သည်။

အဆိုပါ ၃၀-၅-၁၉၆၀ ရက်နေ့တွင်ပင် တရားလွှတ်တော်ချုပ်က နိုင်ငံတော်ရှေ့နေချုပ်၊ ပြည်ထောင်စုအဖွဲ့၊ ဖ-ဆ-ပလအဖွဲ့၊ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့အား နို့တစ်စာ ထုတ်ဆင့်ခဲ့သည်။

ထိုသို့ နို့တစ်စာပေးပို့ပြီးဖြစ်ကြောင်းနှင့် ၁၉၆၀ ပြည့်နှစ် ဇွန်လ ၁၃ ရက်နေ့ နံနက် ၁၁း၀၀ တွင် နိုင်ငံတော်သမတ၏လွှဲအပ်မှုနှင့်ပတ်သက်၍ တရားလွှတ်တော်ချုပ်တွင် ကြားနာမည်ဖြစ်ကြောင်း အကြောင်းကြားစာကို တရားလွှတ်တော်ချုပ်၏အတွင်းဝန် ဦးထွန်းတင်က နိုင်ငံတော်သမ္မတ၏ ဒုတိယအတွင်းဝန်ထံ ၃၀-၅-၁၉၆၀ ရက်နေ့တွင် ပေးပို့၍ အကြောင်းကြားခဲ့ပါသည်။

ပြည်သူများအတွက်အရေးကြီးသည်ဟူသော ဥပဒေကြောင်းဆိုင်ရာ ပြဿနာနှစ်ရပ် ပေါ်ပေါက်လာခြင်းအပေါ် နိုင်ငံတော်သမတ၏ လွှဲအပ်မှုနှင့်ပတ်သက်၍ တရားလွှတ်တော်ချုပ်တွင် ၁၉၆၀ ပြည့်နှစ် ဇွန်လ ၁၃ ရက်နေ့ နံနက် ၁၁း၀၀ တွင် ကြားနာမည်ဖြစ်ကြောင်းကို ပြည်သူလူထုသိရှိစေရန် အသံလွှင့်ဌာနအသီးသီးနှင့် သတင်းစာများသို့ ကြေညာပေးပါရန်

တရားလွှတ်တော်ချုပ်က ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန် ဝဏ္ဏကျော်ထင် ဦးကျော်စိုးထံ အဆိုပါ ၃၀-၅-၁၉၆၀ ရက်နေ့တွင်ပင် အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။

၄ - ၆ - ၁၉၆၀ ရက်နေ့တွင် ဖ-ဆ-ပ-လအဖွဲ့ချုပ်၏ ကိုယ်စားလှယ်များအဖြစ် သခင် သာခင်၊ ဦးခင်မောင်လတ်၊ ဦးထွန်းဝင်း၊ ဦးအောင်ရှိန်၊ ဒေါက်တာရွှေဘော်၊ ဦးညွှန့်ဟန်၊ ဦးဘသော်၊ ဦးတင့်တို့ လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားစာကို ဖ-ဆ-ပ-လအဖွဲ့ချုပ်က တရားလွှတ်တော်ချုပ်ထံ ပြန်ကြားပေးပို့ခဲ့ပါသည်။ အဆိုပါ နေ့ရက်တွင်ပင် ဖ-ဆ-ပ-လအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်တွင် အထူးစိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့သော ပြည်သူ့လွှတ်တော်အမတ် ဦးထွန်းဝင်းအား ပါဝင်ဆွေးနွေးခွင့်ပြုပါရန်နှင့် ထိုသို့ ပြုသင့် မပြု သင့် တရားလွှတ်တော်ချုပ်က အမိန့်ချမှတ်နိုင်ပါရန် နိုင်ငံတော်တရားဝန်ကြီးချုပ်ထံ တင်ပြခဲ့ ပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဖ-ဆ-ပ-လ အဖွဲ့ချုပ်၏ကိုယ်စား ဝတ်လုံတော်ရ ဦးညွှန့် ဟန်က လျှောက်လဲတင်ပြရာတွင် ဖ-ဆ-ပ-လအဖွဲ့ချုပ်၏ ကိုယ်စားလှယ်များအဖြစ် ဝတ်လုံ တော်ရရှေ့နေ ဦးရှိန်ဝန်းနှင့် ၎င်းသာ ရုံးတော်တွင် လျှောက်လဲချက်ပေးတော့မည် ဖြစ်ပြီး၊ ပြည်သူ့လွှတ်တော်အမတ် ဦးထွန်းဝင်းကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထား တင်ပြခဲ့သည်။

တရားလွှတ်တော်ချုပ်က မြန်အောင်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်အမတ် ဦးထွန်းဝင်း အနေဖြင့် ပြည်သူ့လွှတ်တော်တွင် တရုတ်ပြည်နှင့်မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့လဲလှယ်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုကြသည့်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးစဉ်က အထူးကန့်ကွက်ခဲ့သည့် အမတ်တစ်ယောက်ဖြစ်၍ ဤလွှဲအပ်မှုတွင် ပါဝင် လျှောက်ထားခွင့် ပြုခဲ့သည်။

ပြည်ထောင်စုအဖွဲ့ကိုယ်စား လွှတ်တော်ရှေ့နေကြီး ဦးဘဆွေနှင့် ဦးအေးမောင်တို့က လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း တရားလွှတ်တော်ချုပ်ထံ အကြောင်းကြားစာ ပေးပို့ခဲ့ ပါသည်။ နိုင်ငံတော်ရှေ့နေချုပ်ကလည်း နိုင်ငံတော်အစိုးရကိုယ်စား လိုက်ပါဆောင်ရွက် မည်ဖြစ်ကြောင်း တရားလွှတ်တော်ချုပ်ထံ အကြောင်းပြန်ကြားခဲ့ပါသည်။

ထို့နောက် ၁၉၆၀ ပြည့်နှစ် ဇွန်လ ၁၃ ရက်နေ့ နံနက် ၁၁း၀၀ တွင် နိုင်ငံတော်သမတ၏ လွှဲအပ်မှုနှင့်ပတ်သက်၍ တရားလွှတ်တော်ချုပ်တွင် နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ရှေ့တွင် ကြားနာခဲ့သည်။ နိုင်ငံတော်ရှေ့နေ ချုပ်ကြီးနှင့် ပြည်သူ့လွှတ်တော်အမတ်ဦးထွန်းဝင်းတို့အား ကြားနာပြီးနောက် ဆက်လက် ကြားနာရန် ၁၄-၆-၁၉၆၀ ရက်နေ့သို့ ချိန်းဆိုခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဇွန်လ ၁၄ ရက်နေ့ ရုံးချိန်းတွင် နိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံတော်ရှေ့နေချုပ်ကြီးဦးရန်အောင်နှင့် အစိုးရရှေ့နေကြီး မစ္စတာဂန်ဂူလီတို့အားလည်းကောင်း၊ ဖ-ဆ-ပ-လအဖွဲ့ချုပ်အတွက် လိုက်ပါဆောင်ရွက်ကြသည့် လွှတ်တော်ရှေ့နေကြီးများ ဖြစ်ကြသော ဦးရှိန်ဝန်း၊ ဦးညွန့်ဟန်နှင့် ပြည်သူ့လွှတ်တော်အမတ်ဦးထွန်းဝင်းတို့အားလည်းကောင်း၊ ပြည်ထောင်စုပါတီအတွက် လိုက်ပါဆောင်ရွက်ကြသည့် လွှတ်တော်ရှေ့နေကြီး ဦးဘဆွေနှင့် ဦးအေးမောင်တို့ကိုလည်းကောင်း ကြားနာခဲ့ပါသည်။ ပြီးနောက် တရားလွှတ်တော်ချုပ်က အမိန့်ချမှတ်ရန် ဆိုင်းငံ့ထားပါသည်။

၁၉၆၀ ပြည့်နှစ် ဇွန်လ ၁၇ ရက်နေ့တွင် တရားလွှတ်တော်ချုပ်က နိုင်ငံတော်သမ္မတ၏ လွှဲအပ်မှုနှင့်ပတ်သက်၍ ချမှတ်သည့်အစီရင်ခံစာတစ်စောင်ကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ ၏ ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့ပါသည်။

**တရားလွှတ်တော်ချုပ်က လွှဲအပ်မှုပါ ပြဿနာနှစ်ရပ်ကို သုံးသပ်ခြင်း**

ဥပဒေကြောင်းဆိုင်ရာပြဿနာ(Question of Law)နှစ်ရပ်အနက် ပထမပြဿနာမှာ_

> **"ပါလီမန်သည် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာချူအင်လိုင်တို့ ချုပ်ဆိုခဲ့သည့် တရုတ်ပြည်နှင့် မြန်မာပြည် နယ်နိမိတ် သတ်မှတ်ရေးနှင့် နယ်မြေအချို့ လဲလှယ်ရေးအတွက်သဘောတူစာချုပ်အတည်ပြုရေးအတွက် ထိုစာချုပ်၏ အပိုဒ် ၂ (၂) နှင့် အပိုဒ် ၂ (၃) တို့၌ ပါဝင်သော အချက်အလက်တို့ကြောင့် သဘောတူညီချက်ပေးနိုင်ပါသလော"** ဟုဖြစ်ပါသည်။

ပထမပြဿနာတွင် နိုင်ငံတော်သမ္မတကရည်ညွှန်းထားသော စာချုပ်ပါ အပိုဒ် ၂ (၂) နှင့် အပိုဒ် ၂ (၃) တို့မှာ အောက်ပါအတိုင်းဖြစ်သည်_

> **အပိုဒ် ၂ (၂) ။** တရုပ်ပြည်ကပိုင်ဆိုင်သော ဖီမော်၊ ဂေါ်လန်နှင့် ကန်ဖန်ဒေသကို မြန်မာအစိုးရက တရုတ်ပြည်သို့ ပြန်လည်ပေးအပ်ရန် သဘောတူသည်။ တရုတ်ပြည်သို့ပြန်လည်ပေးအပ်ရန်ဖြစ်သော ဤဒေသ၏ အကျယ်အဝန်းနှင့် စပ်လျဉ်း၍ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နှင့် ၁၉၅၇ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ အသီးသီးတွင် မြန်မာနိုင်ငံအစိုးရနှင့် တရုပ်နိုင်ငံအစိုးရတို့က မြေပုံများပေါ်တွင် မှတ်သားလျက် တင်ပြသော အဆိုပြုချက်များနှင့်လျော်ညီစွာ ပူးတွဲကော်မီတီက နီးနှောဆုံးဖြတ် သတ်မှတ်ရမည်။ တရုပ်ပြည်သို့ ပြန်လည်ပေးအပ်ရန်ဖြစ်သော ဤဒေသအကျယ်အဝန်းကို ဆုံးဖြတ်ပြီးသည့်နောက်၊ တရုပ်-မြန်မာနယ်နိမိတ်၏ ဤအစိတ်အပိုင်း အတိအကျတည်နေပုံကို သက်ဆိုင်ရာမြေပေါ်တွင် တိုင်းထွာမှုပြုရန်နှင့် နယ်နိမိတ်

မှတ်တိုင်များ စိုက်ထူရန် ပူးတွဲကော်မီတီနှင့် တဘက်တဘက်စီမှ ပုဂ္ဂိုလ်ဦးရေ အညီအမျှပါဝင်သော ပူးတွဲမြေတိုင်းအဖွဲ့များကို စေလွှတ်ရမည်၊

**အပိုဒ် ၂ (၃) ။** နမ်ဝမ်နှင့် ရွှေလီမြစ်များဆုံရာအရပ်၌တည်ရှိ၍၊ တရုပ်ပြည်က ပိုင်ဆိုင်လျက် မြန်မာပြည်သို့ငှါးထားသော မိုင်းမောတြိဂံဒေသ ( Namwan Assigned Tract ) ဆိုင်ရာ **'ထာဝစဉ်အငှါးစာချုပ်ကို' ဖျက်သိမ်းရန်အလို့ငှါ၊** ထိုဒေသကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေတစိတ်တဒေသ ဖြစ်စေခြင်းငှါ မြန်မာပြည်သို့လွဲပြောင်းပေးရန်တရုတ်အစိုးရက သဘောတူသည်။ မိုင်းမောတြိဂံဒေသနှင့် လဲလှယ်သောအားဖြင့် ပန်ဟုံနှင့်ပန်လောင်လူမျိုးများအုပ်ချုပ်သည့် နယ်မြေဒေသများကို တရုပ်ပြည်၏ နယ်မြေ တစိတ်တဒေသဖြစ်စေခြင်းငှါ၊ တရုပ်ပြည်သို့ လွှဲပြောင်းပေးရန် မြန်မာအစိုးရက သဘောတူသည်။ ယင်းနယ်မြေဒေသများသည် ၁၉၄၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် တရုပ်အစိုးရနှင့် ဗြိတိသျှအစိုးရတို့ အပြန်အလှန်ပေးစာများ၌ ဖော်ပြပါရှိသော နယ်နိမိတ်၏ သတ်မှတ်ပြီးသော တောင်ဘက်အစိတ်အပိုင်းပေါ်ရှိ နမ်တင်းနှင့် နမ်ဖမြစ်ဆုံမှ နယ်နိမိတ်၏ သတ်မှတ်ပြီးသော တောင်ဘက်အစိတ်အပိုင်းပေါ်ရှိ အမှတ် ၁ နယ်နိမိတ် မှတ်တိုင်အထိဖြစ်သော နယ်နိမိတ်မျဉ်း၏အနောက်ဘက်တွင် ကပ်လျက်ရှိကြသည်။ တရုပ်ပြည်သို့ လွှဲပြောင်းပေးရန်ဖြစ်သော ဤနယ်မြေဒေသများ၏ အကျယ်အဝန်းနှင့် စပ်လျဉ်း၍၊ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့နှင့် ၁၉၅၉ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့အသီးသီးတွင် တရုပ်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့က မြေပုံများပေါ်တွင် မှတ်သားလျက် အဆိုပြုထားကြသည်။ နှစ်နိုင်ငံအစိုးရတို့၏ အဆိုပြုချက်များတွင် ထပ်တူထပ်မျှဖြစ်သော နယ်မြေဒေသကို တရုပ်ပြည်သို့ လွှဲပြောင်းပေးမည်။ ပန်ဟုံလူမျိုးများ အုပ်ချုပ်သည့် နယ်မြေဒေသနှင့် စပ်လျဉ်း၍၊ နှစ်နိုင်ငံအစိုးရတို့၏ အဆိုပြုချက်များ၌ ခြားနားချက်ရှိရာ၊ ထိုခြားနားသော နယ်မြေဒေသသည် ပန်ဟုံလူမျိုးများအမှန်အုပ်ချုပ်သည့်နယ်မြေ ဟုတ် သည်၊ မဟုတ်သည်ကို ထိုနယ်မြေသို့သွားရောက်စုံစမ်း၍၊ တရုပ်ပြည်သို့ လွှဲပြောင်းပေးရမည်၊ မပေးရမည်ကို ဆုံးဖြတ်ရန်အတွက် တဘက်တဘက်စီမှ ပုဂ္ဂိုလ်ဦးရေ အညီအမျှ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ပူးတွဲကော်မီတီက စေလွှတ်ရမည်။ တရုပ်ပြည်သို့ လွှဲပြောင်းပေးမည့် ပန်ဟုံနှင့်ပန်လုံလူမျိုးများအုပ်ချုပ်သည့် နယ်မြေဒေသများ၏ အကျယ်အဝန်းကို ဤနည်းအားဖြင့် ဆုံးဖြတ်ပြီးသည့်နောက်၊ တရုပ်-မြန်မာ နယ်နိမိတ်၏ ဤအစိတ်အပိုင်း အတိအကျတည်နေပုံကို သက်ဆိုင်ရာမြေပေါ်တွင် တိုင်းထွာမှုပြုရန်နှင့် နယ်နိမိတ်မှတ်တိုင်များစိုက်ထူရန် ပူးတွဲကော်မီတီသည် တဘက်တဘက်စီမှ ပုဂ္ဂိုလ်ဦးရေ အညီအမျှ ပါဝင်သော ပူးတွဲမြေတိုင်းအဖွဲ့များကို စေလွှတ်ရမည်။

တရားလွှတ်တော်ချုပ်က **"နိုင်ငံတော်အစိုးရက ထိုသဘောတူစာချုပ်ကို လက်ခံအတည်ပြုရေးအတွက် သဘောတူညီချက်ပေးရန် ပါလီမန်သို့တင်ပြခြင်းသည်၄င်း၊ ပါလီမန်က သဘောတူညီချက်ကိုပေးခဲ့ခြင်းသည်၄င်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၃ (၂) ပြဋ္ဌာန်းချက်များကို လိုက်နာသောသဘောဖြင့် ဆောင်ရွက်ခဲ့ကြသည်"** ဟု သုံးသပ်ခဲ့ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၃ (၂) တွင် -

> **"သဘောတူညီချက်အတိုင်း အထမြောက်အောင် ဆောင်ရွက်ရေးအတွက်၊ ဥပဒေပြုရန်လိုသော သို့တည်းမဟုတ် ဥပဒေပြုခြင်းကိုလိုရန် အကြောင်းရှိသော ပြည်ထောင်အချင်းချင်းသဘောတူညီချက်ကို ပါလီမန်က သဘောမတူခဲ့သော် လက်ခံအတည်မပြုရ"**ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် အဆိုပါပြဿနာကို တရားလွှတ်တော်ချုပ်က အောက်ပါအတိုင်း ပုစ္ဆာထုတ်၍ စိစစ်ခဲ့ပါသည် -

> **"ပြည်ထောင်အချင်းချင်းသဘောတူညီချက်ကို လက်ခံအတည်ပြုရေးအတွက် ပါလီမန်သည် "သဘောတူညီချက်ပေးခြင်း"နှင့် "ဥပဒေပြုခြင်း"တည်းဟူသော ကိစ္စနှစ်ရပ်အနက် မည်သည့်ကိစ္စကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အလျင်ဦးစွာ ဆောင်ရွက်ရမည်နည်း"။**

တရားလွှတ်တော်ချုပ်အနေဖြင့် အဆိုပါပုစ္ဆာကို ဖြေဆိုနိုင်စေရန် **"ဥပဒေပြုခြင်း" ဟူသောစကားရပ်၏ အဓိပ္ပာယ်ကို ဦးစွာကောက်ယူရမည်ဖြစ်ကြောင်း"** သုံးသပ်ခဲ့သည်။

တရားလွှတ်တော်ချုပ်က **"ဥပဒေပြုခြင်း"**ဟူသော စကားရပ်၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ကောက်ယူခဲ့သည် -

> **"ဥပဒေပြုခြင်း"**ဆိုသည်မှာ နည်းအမျိုးမျိုးဖြင့် ဥပဒေအမျိုးမျိုးပြဋ္ဌာန်းခြင်းကို ဆိုလိုသည်။ ပါလီမန်က အခြေခံဥပဒေတွင်ပါရှိသည့် နည်းလမ်းများအတိုင်း အက်ဥပဒေပြဋ္ဌာန်းချက်များသည်၎င်း၊ ထိုအက်ဥပဒေတွင်လွှဲအပ်သည့် အာဏာပိုင်တဦးဦးက နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေပြုခြင်းများသည်၎င်း၊ ဥပဒေပြုခြင်းဟူသော စကားရပ်၏ အဓိပ္ပာယ်တွင် အကျုံးဝင်သည်။ ထို့ကြောင့် အခြေခံဥပဒေပုဒ်မ ၂၁၃ (၂) တွင် ပါရှိသည့် ဥပဒေပြုခြင်းဟူသောစကားရပ်၏ အဓိပ္ပာယ်တွင် ပါလီမန်က အခြေခံဥပဒေ အခန်း ၆၊ အပိုင်း ၅ အရ အက်ဥပဒေများပြဋ္ဌာန်းခြင်းသာမက၊ အခန်း ၁၁ အရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေပြုခြင်းလည်း ပါဝင်သည်။ ထိုလုပ်ငန်းနှစ်ရပ်လုံးမှာ ပါလီ

မန်သို့သာလျှင် အခြေခံဥပဒေကပေးအပ်ထားသော ဥပဒေပြုခြင်းလုပ်ငန်းများ ဖြစ်သည်မှာ အလွန်ထင်ရှားသည်။

"ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း ၆၊ အပိုင်း ၅ အရ အက်ဥပဒေအသစ် (သို့မဟုတ်) တည်ဆဲဥပဒေကိုပြင်သည့် အက်ဥပဒေပြုရန် ၎င်း၊ အခန်း ၁၁ အရ အခြေခံဥပဒေကိုပြင်သည့် အက်ဥပဒေကိုပြုရန်၎င်း လိုသော သို့တည်းမဟုတ် လိုရန်အကြောင်းရှိသော ပြည်ထောင်အချင်းအချင်း သဘောတူညီချက်ကို နိုင်ငံတော်အစိုးရက လက်ခံအတည်ပြုရေးအတွက် ပါလီမန်က ဥပဒေပြုခြင်းကို မဆောင်ရွက်မီ သဘောတူညီချက် ပေးခြင်းကို ဆောင်ရွက်ရမည်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် (အကယ်၍ "ဥပဒေပြုခြင်း"ကို အလျှင်ဦးစွာဆောင်ရွက်ရန် လိုအပ်သဖြင့်) ဥပဒေကို ပြဋ္ဌာန်းပြီး ဖြစ်ပါကမူ သဘောတူညီချက်ပေးခြင်းကို ဆောင်ရွက်ရန် မလိုတော့ချေ။ သဘောတူညီချက်ပေးခြင်းကိုလည်းပြုရဦးမည်ဟုဆိုခြင်းမှာ အဓိပ္ပာယ် လုံးဝ မရှိချေ။ သို့ဖြစ်၍ အခြေခံဥပဒေ ပုဒ်မ ၂၁၃ (၂) အရ ပါလီမန်က သဘော တူညီချက်ကိုပေးရန်မှာ ဥပဒေပြုခြင်းကိစ္စကို မဆောင်ရွက်မီဖြစ်သည်" ဟူ၍

အဓိပ္ပာယ်ကောက်ယူခဲ့သည်။

ယင်းအချက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဖ၊ဆ၊ပ၊လအဖွဲ့၏ကိုယ်စား လျှောက်လဲကြသူများ က အောက်ပါအတိုင်း တင်ပြလျှောက်ထားခဲ့သည်။

**"တည်ဆဲအခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံပိုင် နယ်မြေများကို တိုင်းတပါးသို့ လွှဲပြောင်းပေးနိုင်သောအာဏာသည် နိုင်ငံတော်အစိုးရတွင် မရှိသောကြောင့် လွှဲပြောင်းပေးပါမည်ဟူသောကတိကိုလည်း ပဋိညာဉ်ပြုခွင့် မရှိကြောင်း၊ လိုအပ်သည့်အာဏာရရှိနိုင်ရန် အခြေခံဥပဒေကို ရှေးဦးစွာ သင့်လျော်သလို ပြင်ဆင်ရမည်ဖြစ်ကြောင်း"** ဟုဖြစ်ပါသည်။

တရားလွှတ်တော်ချုပ်က သုံးသပ်သည်မှာ–

"ဤအဆိုပြုချက်သာ မှန်ကန်လျှင် ပုဒ်မ ၂၁၃ (၂) ပါ ပြဋ္ဌာန်းချက်များမှာ လုံးဝ အဓိပ္ပာယ်မရှိတော့ချေ။ ဤအမှုတွင် သက်ဆိုင်သည့် သဘောတူညီချက် စာချုပ်မှာ ရှေ့ပြေးသဘောတူညီချက် စာချုပ်မျှသာဖြစ်သည်။ ဤသို့သော ရှေ့ပြေးသဘောတူညီချက်စာချုပ်ကိုမဆိုထားဘိ ဤစာချုပ်တွင် ရည်ညွှန်း ထားသည့် နယ်မြေလွှဲပြောင်း လဲလှယ်ပေးအပ်သည့် အပြီးသတ်သဘောတူ ညီချက်စာချုပ်ကို လက်ခံအတည်ပြုရန်အကြောင်း ပေါ်ပေါက်လာသောအခါ

ပင်လျှင် လိုအပ်သောအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေပြုခြင်းကို မဆောင်ရွက်မီ သဘောတူညီချက်ပေးခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံပိုင်နယ်မြေကို လွှဲပြောင်းပေးအပ်ခြင်း အထမြောက်အောင် ဆောင်ရွက်ရေးအတွက် အခြေခံဥပဒေကို သင့်လျော်သလို ပြင်ရမည်မှာ မုချဖြစ်သည်။ သို့ရာတွင် ပါလီမန်က ဤကိစ္စမျိုးကို သဘောတူညီချက်ပေးပြီးသော နောက်ကာလတွင်မှ ဆောင်ရွက်ရန်ဖြစ်သည်။” ဟု သုံးသပ်ခဲ့ပါသည်။

**တရားလွှတ်တော်ချုပ်က _**

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သောကြောင့် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိမိပိုင်နယ်မြေကို တိုင်းတပါးသို့ လွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင်သည့်အာဏာရှိလေရာ နယ်မြေလွှဲပြောင်းပေးရန်ပဋိညာဉ်မျိုးပါဝင်သော ဤတရုပ်-မြန်မာနယ်နိမိတ် ပြဿနာဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကိုယ်စားနိုင်ငံတော်အစိုးရက ချုပ်ဆိုပိုင်ခွင့်ရှိသည်။ **အဆိုပါအာဏာကို ကျင့်သုံးသောအခါတွင်မူကား အခြေခံဥပဒေနှင့် ညီညွတ်စေရမည်ဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေအရ နည်းလမ်းတကျဆောင်ရွက်ခြင်းဖြင့်** မြန်မာနိုင်ငံတော်အစိုးရသည် ဤစာချုပ်တွင်ပါရှိသည့် ပဋိညာဉ်တာဝန်များကို ပြေလည်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု ဆိုရပေမည်။ ပါလီမန်ကလည်း ထိုစာချုပ်တွင်ပါရှိသည့်ကိစ္စရပ်များကို မူအားဖြင့် သဘောတူကြောင်းဖြင့် ထုတ်ဖော်ပြဆိုသောအနေဖြင့် သဘောတူညီချက်ပေးနိုင်သည်”ဟု နောက်ဆုံးအပြီးသတ်သုံးသပ်ခဲ့ပါသည်။

**ဆုံးဖြတ်ချက်**

တရားလွှတ်တော်ချုပ်က “ နိုင်ငံတော်သမ္မတက လွှဲအပ်လာသည့် ပြဿနာနှစ်ရပ်ကို အောက်ပါအတိုင်း ဖြေဆိုခဲ့ပါသည် _

(၁) **ပါလီမန်သည် ဤ တရုပ်-မြန်မာ နယ်နိမိတ်ပြဿနာဆိုင်ရာ သဘောတူစာချုပ်ကို နိုင်ငံတော်အစိုးရက လက်ခံအတည်ပြုရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၁၃ (၂) အရ သဘောတူညီချက်ပေးနိုင်သည်။**

(၂) **ပထမပြဿနာ၏အဖြေကို ထောက်ထားသောအားဖြင့် ဒုတိယပြဿနာကို ဖြေဆိုရန်မလိုပါ။**

## လေ့လာတွေ့ရှိချက်များ

အိမ်စောင့်အစိုးရလက်ထက် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာအပေါ် သဘောတူညီချက်စာချုပ်သည် အမှန်စင်စစ်အားဖြင့် ကမ္ဘာ့သမိုင်းတွင်ထင်ရှားခဲ့သည့် ၁၉၆၀ ပြည့်နှစ် တရုတ်-မြန်မာနယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty)ကို အောင်မြင်စွာချုပ်ဆိုနိုင်စေရန် အရင်းခံရှေ့ပြေး သဘောတူညီချက်စာချုပ်ဖြစ်ခဲ့သည်မှာ ယနေ့မျက်မှောက်ကာလအထိ သိသာထင်ရှားစွာ တွေ့မြင်နိုင်သည်ဖြစ်ပါသည်။


ပါလီမန်လွှတ်တော်တွင် လွှတ်တော်အမတ်အချို့က ထိုစဉ်က အိမ်စောင့်အစိုးရ၏ ဝန်ကြီးချုပ်က တာဝန်ခံချုပ်ဆိုခဲ့သော တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာအပေါ် သဘောတူညီချက်စာချုပ်ကို ချုပ်ဆို၍မရစေရန် ကန့်ကွက်မှုများ ရှိခဲ့ပါသော်လည်း တရားလွှတ်တော်ချုပ်က ဥပဒေကြောင်းအရ ခိုင်မာစွာစီရင်ဆုံးဖြတ်၍ အဆိုပါစာချုပ်ချုပ်ဆိုခြင်းကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီဖြစ်ကြောင်း စီရင်ဆုံးဖြတ်ခဲ့ပါသည်။

ပထမအချက်အနေဖြင့် အကယ်၍သာ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် တရုတ်-မြန်မာနယ်နိမိတ်ပြဿနာအပေါ် သဘောတူညီချက်စာချုပ် မရှိခဲ့ပါကမူ သို့တည်းမဟုတ် အဆိုပါစာချုပ်သည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အညီအတည်ဖြစ်ခဲ့ခြင်းမရှိပါက ၁၉၆၀ ပြည့်နှစ် တရုတ်-မြန်မာနယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty)ကို ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့မည်မဟုတ်ဘဲ ယခုအချိန်အထိ တရုတ်-မြန်မာနယ်နိမိတ်ပြဿနာမှာ လိပ်ခဲတည်းလည်း အနေအထား ဖြစ်နေဦးမည်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ကြရာတွင် ယေဘုယျအားဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု (Bilateralism) နှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှု (Multilateralism) ဟူ၍ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းနှစ်သွယ်ရှိရာ သီးခြား ဆွေးနွေးမှုများနှင့် နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် Bilateralism နည်းလမ်းဖြင့်လည်းကောင်း၊ သုံးနိုင်ငံနှင့်အထက်နိုင်ငံများအကြား ဆွေးနွေးမှုများနှင့် အကျိုးတူပူးပေါင်းမှုများတွင် Multilateralism နည်းလမ်းဖြင့်လည်းကောင်း ဆောင်ရွက်ကြပါသည်။[39]

[39] https://www.moi.gov.mm/iprd/news/1300

အိန္ဒိယ၊ တရုတ်နှင့် မြန်မာတို့ အကြား နယ်နိမိတ်ဖြတ်ပိုင်းကို ယခုအချိန်အထိ *de facto* သုံးပွိုင့်နယ်နိမိတ် (*de facto* tripoint) [40] ထားရှိဆဲဖြစ်ပြီး သဘောတူညီမှု မရရှိသေးပါ။




The Economist [41]

## နယ်နိမိတ်အငြင်းပွားလျက်ရှိသည့် တရုတ်-မြန်မာ-အိန္ဒိယ Tripoint ၏ တည်နေရာပြ မြေပုံ

၁၉၆၀ ပြည့်နှစ် တရုတ်ပြည်နှင့် မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေးနှင့် နယ်မြေအချို့လဲလှယ်ရေးအတွက် ချုပ်ဆိုသည့်သဘောတူစာချုပ်တွင် "တရုတ်ပြည်နှင့်မြန်မာပြည် နယ်နိမိတ်သတ်မှတ်ရေး" ဟုဆိုသော်လည်း တရုတ်ပြည်နှင့်မြန်မာပြည်ကြား နယ်နိမိတ်

[40] "The Trijunction between India, China, and Myanmar ( *de facto* tripoint )" သည် Diphu Pass (ဒိုင်ဖူးတောင်ကြားလမ်း) ၏ မြောက်ဘက်တွင်တည်ရှိပါသည်။ Diphu Pass သည် အိန္ဒိယ၊ တရုတ်နှင့် မြန်မာနိုင်ငံတို့ရှိ အငြင်းပွားနေသော သုံးပွိုင့်နယ်နိမိတ်၏ ပတ်လည်ရှိ တောင်ကြားလမ်းဖြစ်ပါသည်။ Diphu Pass သည် အိန္ဒိယရှိ Arunachal Pradesh မှ အရှေ့ပိုင်းသို့ထွက်ပေါက် မဟာဗျူဟာမြောက်လမ်းဖြစ်သည်။ Diphu Pass သည် McMahon Line ပေါ်တွင်တည်ရှိပါသည်။

[41] https://www.iasgyan.in/blogs/india-china-border-dispute-decoded

ကိုသာဆိုလိုရင်းဖြစ်ပြီး၊ တရုတ်၊ မြန်မာနှင့် အိန္ဒိယ သုံးနိုင်ငံဆုံရာနေရာတွင် တရုတ်နှင့် အိန္ဒိယတို့အကြား သဘောတူညီချက် ယခုအချိန်ထိ သေသေချာချာ မရရှိနိုင်သေးပါသဖြင့် တရုတ်ပြည်နှင့်မြန်မာပြည်နယ်နိမိတ်သတ်မှတ်ရေး ယခုအချိန်ထိ ကီလိုမီတာ အနည်းငယ် ကျန်ရှိနေသေးသည် ဖြစ်ပါသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံမှာ နှစ်နိုင်ငံ နယ်နိမိတ်သတ် မှတ်ရေးသဘောတူစာချုပ်ကို ချုပ်ဆိုရန် ယခုစာတမ်းပြုစုတင်ပြသည့် အချိန်အထိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု (Bilateralism) ကို အကောင်အထည်မဖော်နိုင်သေးသဖြင့်၊ တရုတ်၊ မြန်မာနှင့်အိန္ဒိယ သုံးနိုင်ငံ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှု (Multilateralism) အဆင့်ထိ တက်လှမ်းလုပ်ဆောင်နိုင်မှသာလျှင် ကျန်ရှိနေသေးသည့် တရုတ်၊ မြန်မာနှင့် အိန္ဒိယ သုံးနိုင်ငံဆုံသည့်နေရာတွင် တရုတ်ပြည်နှင့်မြန်မာပြည်နယ်နိမိတ်ကို နယ်နိမိတ်အတိအကျ သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်းနှင့် တရုတ်နှင့်မြန်မာအကြား နယ်နိမိတ်သတ်မှတ်ရေး (နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု (Bilateralism))မှာ အောင်မြင်ခဲ့သော်လည်း တရုတ်၊ မြန်မာနှင့် အိန္ဒိယ သုံးနိုင်ငံ နိုင်ငံစုံပူးပေါင်း ဆောင်ရွက်မှု(Multilateralism)မှာ အောင်မြင်အောင် လုပ်ဆောင်ရန် ကျန်ရှိနေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ထူးခြားသည့်အချက်အနေဖြင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တရားလွှတ်တော်ချုပ်က နိုင်ငံတော်သမ္မတ၏ လွှဲအပ်မှုများကို စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်ပြီးပါက နိုင်ငံတော်သမ္မတထံ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၅၁ (၁) အရ အစီရင်ခံတင်ပြလွှာ (Report) ကို တင်ပြရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။ တရားလွှတ်တော်ချုပ်က နိုင်ငံတော်သမ္မတထံအစီရင်ခံတင်ပြရာတွင် "... စစ်ဆေးကြားနာစဉ်က ပါဝင်ဆောင်ရွက်ကြသော တရားဝန်ကြီးများရာ၏ သဘောကြိုက်ညီချက်ဖြင့် တရားခွင်တွင် အထင်အရှားချမှတ်သော ထင်မြင်ယူဆချက်နှင့်အညီ **ဤပုဒ်မအရ အစီရင်ခံသည်မှတပါး၊ မည်သို့မျှအစီရင်မခံရ။** သို့ရာတွင် တရားဝန်ကြီးတစ်ဦးဦး၏ သဘောကွဲလွဲသော ထင်မြင်ယူဆချက်ကိုမူကား ဤပုဒ်မခွဲရှိ စကားကြောင့် ထုတ်ဖော်ရေးသားခွင့်မပြုဟု မမှတ်ယူရ ..." ဟု ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၅၁ (၂) တွင် လုပ်ထုံးလုပ်နည်းစည်းကမ်းချက်အဖြစ် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

အဆိုပါ ပုဒ်မ ၁၅၁ အရ ဆိုလိုခြင်းမှာ တရားလွှတ်တော်ချုပ်က နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြရာတွင် နိုင်ငံတော်သမ္မတ၏ လွှဲအပ်မှုနှင့်ပတ်သက်၍သာ နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြရန်ဖြစ်ပြီး အခြားမသက်ဆိုင်သော ကိစ္စများကို တင်ပြရန်မလိုခြင်းဟု ဆိုလိုခြင်းဖြစ်ပြီး၊ အဆိုပါရေးသားပြဋ္ဌာန်းချက်ကြောင့် တရားဝန်ကြီးတစ်ဦးဦး၏ သဘော

ကွဲလွဲသော ထင်မြင်ယူဆချက် ("Dissenting Opinion") တင်ပြခွင့်ကိုမူ ကန့်သတ်ထားခြင်း မဟုတ်ဟု ဆိုလိုရင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ယခုသုတေသနစာတမ်းကို ရေးသားတင်ပြရန် ခုံရုံးသုတေသနအဖွဲ့မှ **"ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံး (၁/၁၉၆၀) အား လေ့လာတင်ပြခြင်း"** ဟု တာဝန်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနအဖွဲ့ အနေဖြင့် **"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံးများ (၁၉၄၈–၁၉၆၄)"** ဟူသောအမည်ဖြင့် စာအုပ်ရိုက်နှိပ်၍ ဌာနတွင်း ဖြန့်ဝေခဲ့ပါသည်။ ခုံရုံးသုတေသနအဖွဲ့မှ **"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံး (၁/၁၉၆၀)အား လေ့လာတင်ပြခြင်း"** စာတမ်းဟု တာဝန်ပေးအပ်ခဲ့သည့်အတွက် ဤရုံးမှထုတ်ဝေသည့် "ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံးများ (၁၉၄၈-၁၉၆၄)" ဟူသော စာအုပ်ကို ရည်ညွှန်းခဲ့ ခြင်း ဖြစ်သည်ဟု ယူဆပြီး စာတမ်းပြုစုခဲ့ပါသည်။

သို့ပါသော်လည်း စာတမ်းပြုစုရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနအဖွဲ့၏ "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံးများ (၁၉၄၈-၁၉၆၄)"ကိုမူ ကိုးကားခြင်းမပြုခဲ့ဘဲ၊ မူရင်းစာအုပ်ဖြစ်သော Burma Law Reports (1960) ကို ရည်ညွှန်းကိုးကားချက်အဖြစ် ယခုစာတမ်းတွင် ထည့်သွင်းထားပါသည်။ အဘယ့်ကြောင့်ဆို သော် ပထမအချက်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားရုံးများလက်စွဲ၏ **နောက် ဆက်တွဲ ၆** ပါ **"စံအဖြစ်ထားရှိရမည့်စာအုပ်စာရင်းများ"**တွင် တစ်နည်းနည်းဖြင့် အကျုံးဝင်နိုင် ခြင်း ရှိ မရှိ မသေချာသည့်အတွက် ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် အချို့နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး/ တရားရုံး စသည်ဖြင့် ဖွဲ့စည်းတည်ထောင်ရာတွင် တရားစီရင်ရေးအခန်းကဏ္ဍအောက်တွင် ထားရှိခြင်းမဟုတ်ဘဲ တရားစီရင်ရေးအခန်းကဏ္ဍတွင် အကျုံးမဝင်သော သီးခြားအခန်း ကဏ္ဍဖြင့် ဥပဒေပြဋ္ဌာန်း၍ တည်ထောင်ထားသည်များလည်း လေ့လာတွေ့ရှိရပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တရားစီရင်ရေး အခန်းတွင် ထည့်သွင်းပြဋ္ဌာန်းထားရာ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့်

တရားစီရင်ရေးမဏ္ဍိုင်အတွင်း အတူတကွယှဉ်တွဲနေထိုင်ရသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်လည်း သဟဇာတဖြစ်၍ လိုက်လျောညီထွေဖြစ်နေစေရန် သဘောတရားအရ လိုအပ်သည်ဟု မှတ်ယူထားပါသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးများ လက်စွဲ၊ နောက်ဆက်တွဲ ၆ ကို ထိုသို့ အကြောင်းပြု၍ မူရင်းစာအုပ်ဖြစ်သော Burma Law Reports (1960) ကိုသာ ရည်ညွှန်းကိုးကားချက်အဖြစ် ထည့်သွင်းခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် နိုင်ငံ (၁၄) နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ပထမဦးဆုံး နယ်နိမိတ်စာချုပ်ချုပ်ဆိုနိုင်သည့် အိမ်နီးချင်းနိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် ၁၉၆၀ ပြည့်နှစ် တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာနှင့် စပ်လျဉ်းသည့် သဘောတူစာချုပ် (“Agreement between the Government of the Union of Burma and the Government of the People’s Republic of China on the Question of the Boundary between the two Countries”) နှင့် ၁၉၆၀ ပြည့်နှစ် တရုတ်-မြန်မာနယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty) တို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအတွက်သာမက၊ အခြားသောကမ္ဘာ့နိုင်ငံများအတွက်ပါ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်စာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန် တွန်းအားများပေးနိုင်ခဲ့သည့် စံပြသဘောတူညီချက်စာချုပ်များဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထူးခြားချက်အနေဖြင့် နိုင်ငံတော်သမ္မတ၏လွှဲအပ်မှုများကို ကြားနာဆုံးဖြတ်ရာတွင် အခြားသောအမှုများတွင် တရားလွှတ်တော်ချုပ်၏ နိုင်ငံတော်တရားဝန်ကြီးချုပ်ကိုယ်တိုင် ပါဝင်စီရင်ဆုံးဖြတ်သည်ကို လေ့လာတွေ့ရှိရသော်လည်း၊ ယခုလွှဲအပ်မှုတွင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်းမပါဘဲ ၊ နိုင်ငံတော်တရားဝန်ကြီးများ ဖြစ်ကြသော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ပါဝင်သော ၃ ပါးထိုင်ဖြင့်သာ ကြားနာဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် ယခုလွှဲအပ်မှုတွင် နိုင်ငံတော်တရားဝန်ကြီးများက ပါလီမန်တွင် အတိုက်အခံပါတီဖြစ်သည့် ဖ.ဆ.ပ.လအဖွဲ့ချုပ်၏ကိုယ်စား တရားလွှတ်တော်ရှေ့နေများ၏ လျှောက်လဲချက်ကိုသာ ထည့်သွင်းသုံးသပ်ဆုံးဖြတ်ထားပြီး၊ နိုင်ငံတော်ရှေ့နေချုပ်နှင့် ပြည်ထောင်စုအဖွဲ့၏ကိုယ်စား လျှောက်လဲတင်ပြသူများ၏ လျှောက်လဲချက်များကို သုံးသပ်ဆုံးဖြတ်ခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် ၁၄-၆-၁၉၆၀ ရက်နေ့တွင် တရားလွှတ်တော်ချုပ်က အမိန့်ချရန် ဆိုင်းငံ့ထားပြီး၊ တရားခွင်၌ အမိန့်ချမှတ်ကြောင်း အမှုတွဲနေ့စဉ်မှတ်တမ်းတွင်ဖော်ပြမထားဘဲ၊ ၁၇-၆-၁၉၆၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံ တရားရုံးဆုံးဖြတ်ချက်နှင့်ပတ်သက်သည့် အစီရင်ခံစာကို ပေးပို့ခဲ့ကြောင်းကိုသာ ဖော်ပြထားသည့်အတွက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ

အခြေခံဥပဒေ ပုဒ်မ ၁၅၁ (၁) အရ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ အခြေခံဥပဒေ ပုဒ်မ ၁၅၁ (၂) အရ တရားခွင်တွင် စီရင်ချက်ချခြင်းမျိုး မဟုတ်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က နယ်နိမိတ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် **“စေတနာမေတ္တာထက်သန်စွာဖြင့် ပူးတွဲဆောင်ရွက်မှုအတွက် ဂုဏ်ပြုသောအားဖြင့်”** ဟူသည့် အသုံးအနှုန်းဖော်ပြချက်ဖြင့် တရုတ်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းအား အဂ္ဂမဟာမေတ္တာသီရိရေဘွဲ့နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မာရှယ် ချိန်ယိအား အဂ္ဂမဟာသရေစည်သူဘွဲ့များပေးအပ်ခဲ့ပြီး၊ နယ်နိမိတ်ပူးတွဲကော်မတီ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ သက်ဆိုင်သူများနှင့် ပါဝင်သူများကိုလည်း ဘွဲ့များ အသီးသီး ပေးအပ်ခဲ့ကြောင်းကိုလည်း တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းမှတ်တမ်းတစ်ခုအဖြစ် ဖတ်ရှုလေ့လာတွေ့ရှိရပါသည်။

ထို့အပြင် ထိုသို့သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် နှစ်ရှည်လများ တည်ရှိခဲ့သည့် တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာကို အပြီးသတ်ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်ပြီး၊ တိကျသည့် နယ်နိမိတ်ကို သတ်မှတ်နိုင်ခြင်းဖြစ်သည့်အတွက် ချစ်ကြည်၍ငြိမ်းချမ်းစည်ပင်သော နှစ်နိုင်ငံကြားနယ်နိမိတ်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို လိုက်နာတည်ဆောက်ကြရာတွင်လည်း ကြီးမားသည့်အောင်မြင်မှုရလဒ်တစ်ခုဖြစ်စေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ထုတ် **Burma Weekely Bulletin** တွင် ဖော်ပြခဲ့သည်ကို ဖတ်ရှုမှတ်သားရပါသည်။

တရုတ်-မြန်မာနယ်နိမိတ်စာချုပ် (Burmese-Chinese Boundary Treaty) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယူနန်ပြည်နယ်ရှိ လူဦးရေတစ်သန်းခန့်အတွက် ဆန်တန်ချိန် ၂၀၀၀ နှင့် ဆားတန်ချိန် ၁၀၀၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရထံသို့ လက်ဆောင်ပေးခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း ဖတ်ရှုမှတ်သားရပါသည်။[42]

နိဂုံးချုပ်အနေဖြင့် “ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မြန်မာနိုင်ငံတရားစီရင်ထုံး (၁/ ၁၉၆၀)အား လေ့လာတင်ပြခြင်း” စာတမ်းကိုပြုစုရာတွင် ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလ၏ တရားစီရင်ရေးအခန်းကဏ္ဍနှင့်ပတ်သက်သော ဥပဒေပညာဗဟုသုတများစွာကို ရရှိခဲ့ပြီး၊ တရုပ်(တရုတ်)-မြန်မာနယ်နိမိတ်သတ်မှတ်ရေးစာချုပ်နှင့်ပတ်သက်သော လွှဲအပ်မှု ( လွှဲအပ်မှု

[42] Burma Weekly Bulletin, Vol IX, No.24, Rangoon, Burma, Thursday, October 13,1960, P-168

အမှတ် (၁) / ၁၉၆၀ ပြည့်နှစ် )နှင့် ပတ်သက်၍ တရားလွှတ်တော်ချုပ် တရားဝန်ကြီးများ၏ စီရင်ဆုံးဖြတ်ခဲ့ပုံကိုလည်း လေ့လာမှတ်သားရရှိခဲ့ပါသည်။

## ရည်ညွှန်းကိုးကားချက်များ


- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၀၊ ၁၉၆၆
- တရုတ်ပြည်သူ့သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တရားစီရင်ရေးစနစ်၊ထုတ်ဝေသူ ဖွဲ့စည်းပုံ/ခုံရုံး၊ နေပြည်တော်၊ ၂၀၂၃
- Burma Law Reports (Supreme Court),1960
- Burma Weekly Bulletin, Vol IX, No.24, Rangoon, Burma, Thursday, October 13,1960
- https://mifer.gov.mm/mm/bilateral/details/myanmar-china-bilateral-cooperation
- https://www.moi.gov.mm/iprd/news/1300
- https://myawady.net.mm/node/9350
- https://ispmyanmarchinadesk.com/histories/boundary-issue-end/
- https://www.iasgyan.in/blogs/india-china-border-dispute-decoded